"ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်ရမည်။"

# သာထွန်းပြန့်

၁၃၇၉ ခုနှစ်၊ နယုန်-ဝါဆို၊ ဇွန်လ၊ ၂၀၁၇ ခုနှစ်၊ အတွဲ (၂၂)၊ အမှတ် (၁၀)

ဓမ္မစာစော



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓသာသနဘာရော အဝဿံ ဝဟိတဗ္ဗော။
ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်ရမည်။

# သာထွန်းပြန့်ဓမ္မစာစောင်

(အတွဲ -၂၂၊ အမှတ် -၁၀)


သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

ကမ္ဘာအေး၊ ရန်ကုန်မြို့

မြန်မာသက္ကရာဇ် – ၁၃၇၉ သာသနာတော်နှစ် – ၂၅၆၁ ခရစ်နှစ် – ၂၀၁၇

**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**
အမှတ် ...
ရက်စွဲ ...

# သာထွန်းပြန့် မဂ္ဂဇင်း

ဗုဒ္ဓသာသနာဘာရော အဝဿံ ဝဟိတဗ္ဗော
"ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်ရမည်။"

အတွဲ (၂၂)၊ အမှတ် (၁၀)၊ ၁၃၇၉ ခုနှစ်၊ နယုန်-ဝါဆို၊
၂၀၁၇ ခုနှစ်၊ ဇွန်လ

**နာယကကြီးများ**
သူရဦးအောင်ကို (ပြည်ထောင်စုဝန်ကြီး)
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
ဦးမိုးဇော်ရွှေ
ညွှန်ကြားရေးမှူးချုပ်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

**စာတည်းချုပ်**
ဦးဘဟိန်း

**တာဝန်ခံစာတည်း**
ဦးကြည်မြင့် (သာသနဓဇဓမ္မာစရိယ)

**တွဲဖက်စာတည်း**
**ဦးညီညီစိုး (သာသနဓဇဓမ္မာစရိယ)**
( M.A., (New Delhi)
M.Phil., Ph.D. (Thesis), (Calcutta)

**တွဲဖက် ပရု(ဖ်) အယ်ဒီတာ**
ဦးဟန်မင်းအောင် (သာသနတက္ကသီလဓမ္မာစရိယ)
B.A,(Buddhism) M.A, (Thesis)

**ထုတ်ဝေသူ**
ဦးဘဟိန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
မှတ်ပုံတင်အမှတ် - ၀၁၃၆၇

## မာတိကာ

၄ ပါမောက္ခချုပ်ဆရာတော်ဒေါက်တာနန္ဒမာလာဘိဝံသ
ဩဝါဒကထာ
၅ မျက်နှာဖုံးပုံရိပ်
"အေးချမ်းနယုန် တိပိဋက ပူဇာဂုဏ်"
၇ အယ်ဒီတာအာဘော်
"ပူဇာစ ပူဇနေယျာနံ မင်္ဂလာတရားတော်"
၉ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရရှိတော်မူသော
အရှင်ဝီရိယာနန္ဒ၏ ထေရုပ္ပတ္တိအကျဉ်း
၁၂ ခန္ဓာဟူသည် မောင်ဆန်းသစ်(ဘိုကလေး
၁၃ ကျွမ်းတမြည့်မြည့် မိုးပြို -မင်းပြ
၁၄ နောင်တ ပညာရှိတစ်ဦး
၁၅ မိလိန္ဒပဥှာ
၁၈ အခြေပြုပဋ္ဌာန်းတရားတော် အရှင်ဇနကာဘိဝံသ
၂၀ ထေရဝါဒခရီးသည် (၅) ကိုရင်ရွှေဗိုျင်း(နေနတ်သာ

၂၆ သည်းခံနိုင်မှု၊ သည်းခံတတ်မှု B.Ed မှိုင်းညို

၃၀ “ရွှေဗိမာန်ရှင် နတ်သမီး”

ဇာတ်လမ်း- တက္ကသိုလ်-သျှင်သီရိ(ဓမ္မာစရိယ-ဘီအေ)

ပန်းချီ- တင်ထွန်းထွန်း

၃၈ မေတ္တာဘာဝနာ ပွားများနည်း သထပ- ကျမ်းပြု

၄၁ တစ်ပါးတည်းဖြင့် ဤခရီးဝယ် မောင်နိုး (ရွှေဗုမ်)

၄၆ ရေကောင်းရေသန့် ဦးတင်မြင့်

၅၁ ရင်နှစ်သည်းခြာ အလိမ္မာကဏ္ဍ မြတ်နိုးခင်(ကျားပျံ)

၅၄ မ. ဟ. န ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏

ဒါန၊ သီလ အခြေခံသမထဝိပဿနာ

ရှုမှတ်ပွားများနည်းတရားတော်များ

A Practical Way Of Calmness and

Insight-Medition Based on

Charity and Moral Ethics

**Trans: by U Aung Thein Nyunt**

၆၁ ပြည်တွင်းသာသနာရေးမှတ်တမ်း မြတ်ဘုန်းစံ



**သာထွန်းပြန့်ဓမ္မစာစောင်**
**ရုံးအဖွဲ့**

ဒေါ်တိုးတိုးလွင် (ဦးစီးအရာရှိ)
ဒေါ်ဝင်းကြည် (ဒု-ဦးစီးမှူး)

**ပုံနှိပ်သူ**

ပြည့်ဖြိုးအောင်ပုံနှိပ်တိုက်
ဦးဖြိုးသိန်းဟန် မှတ်ပုံတင်(၀၁၃၉၄)
အမှတ်(၂၀၁)၊ အဝေရာလမ်း
၃၉(A)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်



# ပါမောက္ခချုပ်ဆရာတော်

## ဒေါက်တာနန္ဒမာလာဘိဝံသ ၏

## ဩဝါဒကထာ

လူ့စိတ်ဆိုတာ
အင်မတန်မှ
မြင့်မြတ်တဲ့စိတ်
လူ့တဝရတဲ့
အခိုက်အတန့်လေးမှာ
လူစိတ်ရှိဖို့
အရေးကြီးဆုံးပဲ။

ပါမောက္ခချုပ်ဆရာတော်

# အေးချမ်းနယုန် တိပိဋက ပူဇာဂုဏ်

•••••••••••••••••••••••••

နယုန်လပြည့်နေ့ကို မဟာသမယအခါတော်နေ့အဖြစ် သတ်မှတ်လျက် ဗုဒ္ဓပူဇနိယပွဲများ ကျင်းပပူဇော်ကြပါသည်။ ဗုဒ္ဓမြတ်စွာ၏ မဟာကရုဏာတော်သည် မည်၍မည်မျှ ကြီးကျယ်မြင့်မြတ်တော်မူသနည်းဟူမူကား ······· အဘယ်ကဲ့သို့ပြောဆိုပါအံ့နည်း။ အတုမရှိ အနန္တမဟာကရုဏာတော်သာဖြစ်ပါသည်။ ဘုရားရှင်ကိုယ်တော်မြတ်၏ မဟာကရုဏာရွှေဉာဏ်တော်ဖြင့် ဟောကြားတော်မူအပ်သော မဟာသမယသုတ်တော်ကို နာယူကြရကုန်သော နဂါး ဂဠုန်တို့သည် ခိုက်ရန်ဒေါသမဖက် မေတ္တာသက်ဝင်လျက် တစ်ဦးနှင့်တစ်ဦး ချစ်ခင်စွာဖြင့်နေထိုင်ကြကုန်၏။ ယင်းသို့ ဒေါသအမျက်ငြိမ်းအေးလျက် ငြိမ်းချမ်းသာယာခြင်းကို ဂုဏ်ပြုသောအားဖြင့် နယုန်လပြည့်နေ့ကို မဟာသမယနေ့ဟုသတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။

ရှေးအခါက နယုန်လကို စာတော်ပြန်လအဖြစ်သတ်မှတ်ခဲ့ဖူးကြောင်းသမိုင်းဆိုင်ရာ အချက်အလက်များအရ သိရှိရပါသည်။ ရှေးမြန်မာမင်းများသည် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ရာ၌ ဗုဒ္ဓသာသနာတော်၏တာဝန်ကိုလည်း မလစ်ဟင်းရလေအောင် သာသနာပြုဆောင်ရွက်ခဲ့ကြပါသည်။ သာလွန်မင်းတရားကြီးလက်ထက် မြန်မာသက္ကရာဇ် (၁၀၀၀)ပြည့်နှစ်၊ ခရစ်နှစ် (၁၆၃၈)၌ အာဂုံပြန်၊ အနက်အဓိပ္ပါယ်၊ နှုတ်မေး၊ နှုတ်ဖြေ စာမေးပွဲကြီးကို စတင်ကျင်းပ၍ သာသနာပြုဆောင်ရွက်ခဲ့ကြောင်း သမိုင်းကြောင်းကသက်သေခံလျှက်ရှိပါသည်။

ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးရှင်ဘုရင် သီပေါမင်းပါတော်မူပြီးနောက် ကိုလိုနီခေတ်ဦး ဆယ်နှစ်တိုင်တိုင် အာဂုံပြန်စာတော်ပြန်ပွဲ ကျင်းပပြုလုပ်နိုင်ခြင်းမရှိဖြစ်နေသည့်အတွက် ပခန်းဆရာတော်၊ လှထွေဆရာတော်၊ လယ်ကိုင်းစား ကင်းဝန်မင်းကြီး-သာသနာ့ဥသျှောင်နှင့် ရာဇဥသျှောင်တို့၏ ကြိုးစားအားထုတ်မှုကြောင့် မြန်မာသက္ကရာဇ် (၁၂၅၇) ခုနှစ်၊ ခရစ်နှစ် (၁၈၉၅)ခုနှစ်၊ နယုန်လမှစတင်၍ နှစ်စဉ်နှစ်တိုင်း ပထမပြန်ကော်မတီ၏ စီမံအုပ်ချုပ်

ဆောင်ရွက်မှုဖြင့် ပထမပြန်စာပြန်တော်ပွဲကို ပြန်လည်ကျင်းပခဲ့ကြပါသည်။ (၁၂၉၉)ခုနှစ်၊ ခရစ်နှစ် (၁၉၃၇)ခုနှစ်တွင် ပါဠိပထမပြန်စာမေးပွဲအပြင် ဓမ္မာစရိယစာမေးပွဲကိုပါ တိုးချဲ့ကျင်းပနိုင်ခဲ့ပါသည်။ ခရစ်နှစ် (၁၉၄၂-၁၉၄၅)ခုနှစ် လေးနှစ်တိုင်တိုင် ဒုတိယကမ္ဘာစစ်ကာလ၌ စာမေးပွဲအားလုံးရပ်နားထားခဲ့ရပါသည်။

ခရစ်နှစ် (၁၉၄၈)ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးရရှိခဲ့ပြီးနောက် ပြည်ထဲရေးဝန်ကြီးဌာနတွင် သာသနာရေးရုံးအဖွဲ့ထားရှိပြီး ယင်းရုံးအဖွဲ့က တာဝန်ယူလျက် ပါဠိပထမပြန်နှင့် ဓမ္မာစရိယစာမေးပွဲများကို ကျင်းပခဲ့ကြောင်းသိရပါသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာတော်၏အမြင့်ဆုံးသော တိပိဋကရေရွေးချယ်ရေးစာမေးပွဲကြီးကိုလည်း ကျင်းပလာခဲ့သည်မှာ ယနေ့အထိတိုင်ဖြစ်ပါသည်။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ နှင့် အခြားသင့်လျော်သော ဆရာတော်ကိုးပါးတို့ဖြင့် တိပိဋကဩဝါဒါစရိယဆရာတော်များအဖွဲ့ကို ရွေးချယ်ဖွဲ့စည်းပြီး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ယင်းတိပိဋကရေရွေးချယ်ရေးစာမေးပွဲကို ကျင်းပလျက်ရှိရာ ယခုနှစ်ဆိုလျှင် (၆၉)ကြိမ်မြောက်အထိပင်ကျင်းပပြီးဖြစ်ပါသည်။

(၆၉)ကြိမ်မြောက် တိပိဋကရေ ရွေးချယ်ရေးစာမေးပွဲတွင် ရေးဖြေအောင်နှင့် အာဂုံအောင် (၉၀)ပါးအနက် အဘိဓမ္မကောဝိဒ (တိပိဋကရေ၊ တိပိဋကကောဝိဒ ၁-ပါး)၊ ဒီဃနိကာယကောဝိဒ ၁-ပါး၊ ဒီဃဘာဏက ၈-ပါး၊ ဝိနယကောဝိဒ ၅-ပါး၊ ဝိနယဓရ ၁၇-ပါး၊ စုစုပေါင်း ၃၂-ပါးတို့အား ဘွဲ့တံဆိပ်တော် အဆောင်အယောင်နှင့် အောင်လက်မှတ်များဆက်ကပ်လှူဒါန်းပူဇော်ပါမည်။ ဥဘတောဝိဘင်္ဂကောဝိဒ ၁၁-ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၇-ပါး၊ စုစုပေါင်း ၅၈-ပါးတို့အား အသိအမှတ်လက်မှတ် လှူဒါန်းပူဇော်မည်ဖြစ်ပါသည်။

တိပိဋကရေ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော်**အရှင်ဝိရိယာနန္ဒ**မထေရ်မြတ်သည် (၁၄)ပါးမြောက် ရဋ္ဌပူဇိတဖြစ်ပေါ်လာသည့်အတွက် နိုင်ငံနှင့်သာသနာတော်၏ပုံရိပ်အဖြစ်ဂုဏ်ပြုဖော်ပြအပ်ပါသည်။

# "ပူဇာ စ ပူဇနေယျာနံ မင်္ဂလာတရားတော်"

တတိယ မင်္ဂလာတရားတော်။ ။ပူဇာ စ ပူဇနေယျာနံ မင်္ဂလာ။

မြန်မာပြန်။ ။ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်းသည် မင်္ဂလာဖြစ်သည်။

ဆရာကြီး ဒဂုံဦးထွန်းမြင့်။ ။သုံးပါးရတနာ မိဘများနှင့်၊ ဆရာသမားကို ပူဇော်လေ။
ချမ်းသာကိုပေး ဆက်ဆံရေး၊ မျှော်တွေးသုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

မုံရွေးဆရာတော်၏ ပျို့။ ။လူ့မိုလ်တကာ၊ ကိုးကွယ်ရာသား၊ သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေက
နှင့်၊ သာဝကသံဃာ၊ ဆရာမိဘ၊ ဂုဏထင်ပေါ်၊ ပူဇော်
ထိုက်ငြား၊ သူမြတ်များကို၊ တရားပစ္စည်း၊ ဤနှစ်လည်း
ဖြင့်၊ သိပ်သည်းကော်ရော်၊ ပူဇော်ရခြင်း၊ အရင်းအဖျား၊
ဤသုံးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွတ်လျက်၊
မွန်မြတ်လှစွာ၊ မင်္ဂလာဟု၊ သဒ္ဒါကဲလွန်၊ နတ်တမန်သည်၊
မှန်မှန်စွဲမှတ်ရှာလေလော့။

ပျို့၏ အဓိပ္ပါယ်ကား။ ။ လူအများကိုးကွယ်ရာဖြစ်သော ဘုရား ပစ္စေကဗုဒ္ဓါ၊ သာဝက၊ သံဃာနှင့်ဆရာမိဘ၊ ဂုဏ်အားဖြင့်ထင်ရှားသူများကို တရားပစ္စည်းနှစ်ပါးတို့ဖြင့် လေးစားကော်ရော် ပူဇော်ခြင်းသည် မင်္ဂလာမည်၏။ လူမိုက်တို့ကို မပေါင်းမသင်းရှောင်ခွာခြင်း၊ ပညာရှိတို့ကို ပေါင်းသင်းဆည်းကပ်ခြင်း၊ ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်းဟူသော ဤသုံးပါးကို မွန်မြတ်လှစွာသောမင်္ဂလာတရားဟူ၍ သဒ္ဒါကဲလွန် နတ်တမန်သည် ယုံမှားမရှိ စွဲမြဲစွာမှတ်လေလော့။

ပူဇော်ထိုက်သူများ။ ။ မြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အဂ္ဂသာဝကကြီးများ၊ အမိ၊ အဖ၊ ဆရာသမား၊ လေးစားထိုက်သူ၊ ဒါနသီလ စသည်တို့၌မွေ့လျော်သူ၊ အမှန်တရားပြောကြားဆုံးမတတ်သူ - တည်းဟူသောပုဂ္ဂိုလ်ဆယ်ဦးတို့သည်ကား ပူဇော်ထိုက်သူများဖြစ်ပေသည်။

မြန်မာ့ယဉ်ကျေးမှုနယ်ပယ်၌ ခင်ပွန်းကြီးဆယ်ပါးဟုလည်းခေါ်ဆိုကြသည်။ မိတ်ဆွေခင်ပွန်းကောင်းတို့မည်သည် ချစ်ကျွမ်းဝင်သူ၏ အကျိုးစီးပွားကို ဆောင်ရွက်သကဲ့သို့ ဤပုဂ္ဂိုလ်ဆယ်ဦးတို့သည်လည်း ပူဇော်သူများ၏ အကျိုးစီးပွားကို ရွက်ဆောင်ကြပေသည်။ ဝါတစ်နည်းအားဖြင့်ဖော်ပြရလျှင် ဂုဏ်ဖြင့်ထင်ရှား မြတ်ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယသာဝက၊ အမိ၊အဖ၊ ယောက္ခမ ယောကျ်ား၊ ယောက္ခမ မိန်းမ၊ အစ်ကိုကြီး၊ အစ်မကြီး၊ လင်၏အကို၊ လင်၏အမ တို့ဖြစ်ကြပေသည်။

ယင်းဖော်ပြပါပုဂ္ဂိုလ်အပေါင်းတို့ကို အရိုအသေပြုခြင်း၊ အလေးအမြတ်ထား၍ ပြုမူဆက်ဆံခြင်း၊ မြတ်နိုးကော်ရော်ခြင်း၊ ပူဇော်ခြင်းတို့သည် "ပူဇာ စ ပူဇနေယျာန မင်္ဂလာ" အစစ်ဖြစ်ပေတော့သည်။

**ပူဇော်မှုဟူသည်။** ။ ပါဠိစာပေ၌ ပူဇော်မှုကို နှစ်မျိုးနှစ်စားခွဲခြား၍ ပြဆိုထားပေသည်။ ပထမအမျိုးအစားက အာမိသပူဇာ၊ ဒုတိယအမျိုးအစားက ဓမ္မပူဇာ ဖြစ်ပေသည်။ အာမိသပူဇာဟူသည် ပူဇော်ထိုက်သောပုဂ္ဂိုလ်များကို သင့်လျော်လျောက်ပတ်ကောင်းမြတ်သောပစ္စည်းဝတ္ထုများဖြင့် လှူဒါန်းပူဇော်ခြင်းသည် "အာမိသပူဇာ" မည်ပေသည်။ ဓမ္မပူဇာဟူသည် ဟောဖော်ညွှန်ပြဆိုဆုံးမသည့် ကျင့်ဝတ်ပဋိပတ် မြတ်ဓမ္မဖြင့် ဝတ်တွားကော်ရော်ပူဇော်ခြင်းသည် "ဓမ္မပူဇာ" မည်ပေသည်။

**ဥပမာအားဖြင့်ပြဆိုရသော်** .... သက်တော်ထင်ရှား မြတ်စွာဘုရားရှင်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ သဗ္ဗညုတဉာဏဂုဏ်-စသော ဂုဏ်တော်အနန္တအား အာရမ္မဏပစ္စည်းတပ်လျက် စေတီတော်များ၊ ပုထိုးတော်များ၊ ဆင်တုတော်များကို ဆွမ်း၊ ရေချမ်းစသော ပစ္စည်းတို့ဖြင့်၄င်း၊ ဟောဖော်ညွှန်ပြ ဒေသနာဓမ္မနှင့်အညီ ကျင့်ဝတ်ပဋိပတ်ဖြင့်၄င်း ပူဇော်ခြင်းသည် ဗုဒ္ဓပူဇနိယ-ဘုရားရှင်ကိုပူဇော်ခြင်းမည်ပါသည်။ ထိုဘုရားရှင်ကိုယ်တော်မြတ် ဟောဖော်ညွှန်ပြ ဒေသနာဓမ္မ၏ဂုဏ်ကို သက်ဝင်ယုံကြည်လျက် ပူဇော်ခြင်းသည် ဓမ္မပူဇနိယ-တရားတော်ကို ပူဇော်ခြင်းမည်ပါသည်။ ထိုဘုရားရှင်တည်ထောင်ဖွဲ့စည်းထားသော သံဃာတော်တို့၏ သုပ္ပဋိပန္န အစရှိသော ဂုဏ်တော်များကို လေးစားကော်ရော်ပူဇော်ခြင်းသည် သံဃပူဇနိယ-သံဃာတော်ကို ပူဇော်ခြင်းမည်ပါသည်။

ဤသို့ ပူဇာ စ ပူဇနေယျာနဂုဏ်ဖြင့် လူ့လောကကြီးအတွက် အလှဆင်နိုင်ကြပါစေ။

ရန်ကုန်တိုင်းဒေသကြီး
အမှတ် (၁၂) စကားဝါလမ်း
တိပိဋကနိကာယကျောင်းတိုက်မှ
တိပိဋကကောဝိဒဘွဲ့ကို ခံယူတော်မူမည့်
အရှင်ဝီရိယာနန္ဒ ၏

# ထေရုပ္ပတ္တိအကျဉ်း

အရှင်ဝီရိယာနန္ဒသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၊ တောင်ခမ်းရွာ၊ ခမည်းတော် ဦးဘကျော်+မယ်တော် ဒေါ်တင်ကြည်တို့မှ ၁၃၃၁-ခုနှစ်၊ ပြာသိုလဆန်း(၁၄) ရက်၊ (၂၁-၁-၁၉၇၀) ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

## ဥပသမ္ပဒမင်္ဂလာ

၁၃၅၁-ခုနှစ်၊ ကဆုန်လဆန်း (၆)ရက်၊ အင်္ဂါနေ့တွင် ရန်ကုန်မြို့၊ ကျိက္ကဆံရွှေကျောင်းတိုက်သစ်၊ ခဏ္ဍသိမ်တော်၌ ကျိက္ကဆံရွှေကျောင်းတိုက်သစ်ဆရာတော် ဘဒ္ဒန္တ ခေမိန္ဒာဘိဝံသကို ဥပဇ္ဈာယ်ပြုလျက် တောင်ဥက္ကလာပမြို့နယ်၊ ဦးအုန်းမောင်+ဒေါ်အေးကြည် မိသားစု၊ နောင်ချိုမြို့နယ်၊ တောင်ခမ်းရွာ၊ ခမည်းတော်+မယ်တော်မိသားစု၊ ေ..ာင်ခမ်းရွာနေ ဒေါ်ချစ်ငြိမ်း၊ တူ-မောင်ဇော်မင်း မိသားစု၊ မအူပင်မြို့၊ ခနီးရွာ ဦးတိုးမောင်+ဒေါ်သန်းရီ မိသားစု၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်းနေ ဦးအောင်ခင်သိန်း+ဒေါ်မေမေတင် သမီး ဒေါက်တာတင်ဇာအောင် မိသားစု၊ ဒဂုံမြို့နယ် ယောမင်းကြီးလမ်းနေ ဦးစောနွဲ့သန်းစိန်+ဒေါ်နွဲ့ ပဒုမ္မာ မိသားစု၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ၄၇-လမ်းနေ ဦးအောင်သန်း+ဒေါ်အေးအေးနွယ် မိသားစု၊ တောင်ရှည်ရွာ (ဦးထွန်းလှ)+ဒေါ်စန်း သား-ဦးအောင်မင်း+ဒေါ်ရီငွေး မိသားစု၊ ပုဇွန်တောင်မြို့နယ်၊ ဦးဝိစ္စာလမ်းနေ ဦးကြည်ထွန်း+ဒေါ်ခင်အေးမူ မိသားစု၊ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့နေ ဦးအောင်ကျော်နိုင်+ဒေါက်တာလဲ့လဲ့ခိုင် မိသားစု၊ အင်္ဂလန်နိုင်ငံနေ ဒေါက်တာ

ထင်လင်းအောင်+အေးအေးထိုက် မိသားစု၊ နောင်ချိုမြို့ တောင်ရပ်နေ ဦးလင်းကြည်+ဒေါ်ခိုင်ခိုင်ဦး မိသားစု၊ နောင်ချိုမြို့၊ ဈေးရပ်နေ ဦးကျော်ဇောလင်း+ဒေါ်နှင်းရီ မိသားစု၊ မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်နေ ဒေါ်နွယ်နွယ်ဝင်း မိသားစု၊ ကချင်ပြည်နယ် ဖားကန့်မြို့၊ လုံးခင်းရွာနေ ဒေါ်လွန်းမိသားစု၊ စစ်ကိုင်းမြို့၊ ရဲမှူးကြီး (ငြိမ်း) ဦးကြည်ညွှန့်+ ဒေါ်ခင်သီ မိသားစု၊ အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့နေ ဒေါက်တာ ဦးငွေးကြွယ်+ဒေါက်တာ ဒေါ်ကြည်ညွှန့် မိသားစု၊ ရန်ကုန်မြို့၊ စမ်းချောင်းနေ ဦးဝင်းခိုင်+ဒေါ်သင်းသင်းရီ မိသားစု၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်နေ ဦးစက်ထွန်း+ဒေါ်တင်စိန် သမီး ဒေါ်မြင့်မြင့်၊ ဒေါ်အေးသန်း မိသားစု၊ ရန်ကုန်မြို့၊ လသာမြို့နယ် (၂၄)လမ်းနေ ဒေါ်ရွှေမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိခဲ့ပါသည်။

## ကျေးဇူးတော်ရှင်ဆရာတော်များ

အရှင်ဝီရိယာနန္ဒသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၊ တောင်ခမ်းရွာ၊ ရွာဦးကျောင်းပထမဆရာတော် ဘဒ္ဒန္တစန္ဒဇောတိ၊ ဒုတိယဆရာတော် ဘဒ္ဒန္တယုဇန၊ ဘဒ္ဒန္တသန္တာနန္ဒ၊ ဘဒ္ဒန္တ တေဇိဿရ၊ မိုးကုတ်မြို့ ပန်းမအထက်ကျောင်းဆရာတော် ဘဒ္ဒန္တဂန္ဓမာနှင့် နာယကဆရာတော်များ။ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းဆရာတော်နှင့် စာချဆရာတော်များ၊ ဆပ်သွားဘုံကျော်တောရ ဆရာတော် ဘဒ္ဒန္တဝိလာသ၊ ဘဒ္ဒန္တကဝိသာရာလင်္ကာရ။ သဃ်န်းကျွန်းမြို့နယ်၊ ကျိုက္ကဆံရွှေကျင်တိုက်သစ်ဆရာတော် ဘဒ္ဒန္တခေမိန္ဒာဘိဝံသနှင့် စာချဆရာတော်များ၊ နာဂလိုင်ဂူကလေးဝတောရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ၊ ဘဒ္ဒန္တဇာဂရာဘိဝံသ။ ပြည် တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တကောသလ္လ။ မင်းကွန်းတိပိဋကဓရ၊ တိပိဋကဓရ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဆရာတော်ဘုရားကြီး။ မန္တလေးဗန်းမော်ကျောင်းတိုက်ဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ။ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်၊ စီမံအုပ်ချုပ်မှု မဟာနာယက တိပိဋကဓရဆရာတော်များထံတော်၌ ပရိယတ္တိစာပေးများ သင်ကြားဆည်းပူးခဲ့ပါသည်။

## အမြင့်ဆုံးအောင်မြင်ခဲ့သော စာမေးပွဲများနှင့် ဘွဲ့များ

အရှင်ဝီရိယာနန္ဒသည် ၁၃၅၃ ခုနှစ်၌ အစိုးရဓမ္မာစရိယဘွဲ့၊ ၁၃၅၄ ခုနှစ်၌ ဥဘတောဝိဘင်္ဂရေ လက်မှတ်၊ ၁၃၅၆ ခုနှစ်၌ ဝိနယဓရဘွဲ့၊ ၁၃၅၇ ခုနှစ်၌ ဥဘတောဝိဘင်္ဂကောဝိဒ လက်မှတ်၊ ၁၃၅၈ခုနှစ်၌ ဝိနယကောဝိဒဘွဲ့၊ ၁၃၅၉ ခုနှစ်၌ ဒီဃဘာဏကဘွဲ့၊ ၁၃၆၀ ပြည့်နှစ်၌ ဒီဃနိကာယကောဝိဒဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ နိကာယဒွေ့တကအဋ္ဌဝိသာရဒ ဝိနယ ဓရဘွဲ့၊ နိကာယဒွေ့တကဒီဃနိကာယ အဂ္ဂဓမ္မာစရိယဘွဲ့၊ ၁၃၆၂ ခုနှစ်၌ မူလအာဘိဓမ္မိက လက်မှတ်၊ ၁၃၆၅ခုနှစ်၌ မူလအဘိဓမ္မကောဝိဒလက်မှတ်တို့ကို အောင်မြင်ခဲ့ပြီး ၁၃၇၀ပြည့် နှစ်၌ အာဘိဓမ္မိကဘွဲ့နှင့် တိပိဋကဓရဘွဲ့တို့ကို ရရှိအောင်မြင်တော်မူခဲ့ပါသည်။

## အဘိဓမ္မကောဝိဒဘွဲ့လက်မှတ်

ယခုနှစ် (၆၉)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ကြီးတွင် အဘိဓမ္မာနောက်ပိုင်းနှစ်ကျမ်း သဘောရေးဖြေကို ဖြေဆိုအောင်မြင်တော်မူသော ကြောင့် "**အဘိဓမ္မကောဝိဒ ဘွဲ့တံဆိပ်တော်**" နှင့် အောင်လက်မှတ်တို့ကို ခံယူရရှိတော် မူမည်ဖြစ်ပါသည်။

## တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်

အရှင်ဝီရိယာနန္ဒသည် သင်ရိုးပိဋကသုံးပုံလုံး အာဂုံနှင့် သဘောရေး[illegible]ပါ အောင်မြင် တော်မူပြီး ဖြစ်သဖြင့် "**တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့**" ဘွဲ့တံဆိပ်တော်၊ အောင်လက် မှတ်တော်၊ အရိုးဝါသနက္ခဒဏ်ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံ တော်များအပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော ကုန်း၊ ရေ၊ လေ၊ သုံးဌာနလုံးအခမဲ့ အထက်တန်းခရီးသွားလက်မှတ်(ရာသက်ပန်) (အဖော်နှစ်ဦး အပါအဝင်) လစဉ် ဆွမ်းဆန်တော်စသည်တို့ကို အလှူခံရရှိတော်မူမည်ဖြစ်ပါသည်။



# ခန္ဓာဟူသည်

အချိန်မရွေး
အပျက်ဘေးနှင့်
မြေးတွေ့တတ်တာ
သည်ခန္ဓာ
ပမာမြေအိုးသဖွယ်...။

မောင်ဆန်းသစ်- ဘိုကလေး

# ကျွမ်းတမြည့်မြည့်

ဆည်းဆာချိန် နေညိုလမ်း
လေချိုသမ်း အခိုက်မှာ
ပွေ့ပိုက်လာ သောကထုပ်
ရှုပ်ထွေးလို့သာ။
နွေတစ်ရာ
ဝေဒနာ ပုံမှာပြည့်
ဖြေမသာ လှိုက်ဖိုနွမ်း
ကျွမ်းတမြည့်မြည့်။

**မိုးပြိုင် မင်းပြား**





# နောင်တ

သူနှစ်ဦးတို့
အထူးကျွမ်းဝင်
ချစ်ခင်လှစွာ
ရှိကြရာ၌
မေတ္တာပျက်အောင်
လုံ့လဆောင်က
နောင်ကာလ
နောင်တပူပန်ရတတ်သည်။

ပညာရှိတစ်ဦး

# မိလိန္ဒပဉှာ

## ဘုရားရှင်သည် သတ္တဝါတို့ကို အကျိုးယုတ်စေသလော

"အရှင်ဘုရားနာဂသေနဘုရား၊ ဘုရားရှင်သည် သတ္တဝါတို့၏ အကျိုးမဲ့ခြင်းကို ပယ်စွန့်ကာ အကျိုးစီးပွားတိုးတက်ရေးကို ဆောင်ရွက်တော်မူ၏ဟု အရှင်ဘုရားတို့ မိန့်ဆိုတော်မူကြကုန်၏။ ထိုမှတစ်ဖန် "အဂ္ဂိခန္ဓောပမသုတ်ကို ဘုရားရှင်ဟောတော်မူသောအခါ ရဟန်းခြောက်ကျိပ်တို့သည် သွေးအန်ကြကုန်၏" ဟူ၍လည်း အရှင်ဘုရားတို့မိန့်ဆိုကြကုန်၏။

"အရှင်ဘုရား၊ ထိုစကားနှစ်ရပ်တို့တွင် အကယ်၍ ရှေ့စကားသည်မှန်ခဲ့ငြားအံ့ နောက်စကားသည် မှားပေရာ၏။ အကယ်၍ နောက်စကားသည် မှန်ခဲ့ငြားအံ့။ ရှေ့စကားသည် မှားပေရာ၏။ အစွန်းနှစ်ဖက်ထွက်၍နေသော ဤပြဿနာသည် အရှင်ဘုရားထံ ကပ်ရောက်လာ၏။ ဤပြဿနာကို ဖြေရှင်းတော်မူပါလော့"

"မင်းမြတ်၊ စကားနှစ်ရပ်လုံး မှန်ကန်ပေ၏။ အဂ္ဂိခန္ဓောပမသုတ်ကို ဟောကြားရာ၌ ရဟန်းခြောက်ကျိပ်တို့သည် သွေးအန်ရခြင်းမှာ ဘုရားရှင်က တရားဟောခြင်းကြောင့် မဟုတ်ပေ။ ထိုရဟန်းတို့ပြုလုပ်ခဲ့သော အကုသိုလ်ကံကြောင့်သာ ဖြစ်ပေ၏။ အကျင့်ဖျောက်ပြန်သော ထိုရဟန်းတို့သည် ဘုရားရှင်၏ အဂ္ဂိခန္ဓောပမသုတ်ဒေသနာတော်ကို ကြားနာကြရသောအခါ သူတို့၏ ကိုယ်တစ်ခုလုံး ပူလောင်လာ၏။ ကိုယ်ပူလောင်ခြင်းကြောင့် ထိုရဟန်းတို့၏ ခံတွင်းမှ သွေးပွက်ပွက် အန်ကြရကုန်၏"

အရှင်ဘုရား၊ အကယ်၍ ဘုရားရှင်သည် အဂ္ဂိခန္ဓောပမသုတ်ကို ဟောကြားတော်မမူခဲ့လျှင် ထိုရဟန်းခြောက်ကျိပ်တို့ သွေးအန်ကြပါမည်လော"

"မင်းမြတ်၊ သွေးအန်ကြမည်မဟုတ်ပေ"

''အရှင်ဘုရား၊ ဥပမာအားဖြင့် မြေမှုန့် အလိုရှိသော ယောကျ်ားတစ်ယောက်သည် မြွေဝင်ရောက်နေသော တောင်ပို့ကို တူးဖြို ရာ၏။ တောင်ပို့မှ တွင်းပေါက်ကို မြေမှုန့်များ ပိတ်ဆို့ကာ လေကို မရှုရှိုက်နိုင်သဖြင့် တောင် ပို့အတွင်းမှာရှိသော မြွေသည် သေလေရာ၏။ သို့ဖြစ်လျှင် ထိုမြွေသည် ထိုယောကျ်ား၏ လုံ့ လပယောဂကြောင့် သေရသည်မဟုတ်ပါ လော့''

''မင်းမြတ်၊ ဟုတ်ပေ၏''

အရှင်ဘုရား၊ ဤအတူသာပင် ဘုရားရှင် ၏ဒေသနာတော်ကြောင့် ထိုရဟန်းတို့ သွေး အန်ကြရပေသည်တကား။ ဘုရားရှင်သည် ထိုရဟန်းတို့ အကျိုးမဲ့ပျက်စီးစေရန် ပြုတော် မူပေသည်တကား''

''မင်းမြတ်၊ ဘုရားရှင်သည် အကျိုးမဲ့ ပျက်စီးရန်ပြုတော်မမူပေ။ ဥပမာအားဖြင့် လယ်သမားသည် စပါးစိုက်ပျိုးလိုသဖြင့် လယ်ကိုထွန်ယက်၏။ ထိုသို့ ထွန်ယက်ရာ တွင် တစ်သိန်းမကသော မြက်ပင်တို့သည် သေကြေပျက်စီးကြရကုန်၏။ ဤအတူသာ ပင် ဘုရားရှင်သည် စိတ်ဓာတ်ရင့်ကျက်ပြီး သော ပုဂ္ဂိုလ်တို့ သိရှိကြစေရန် ချစ်ခင်ခြင်း၊ မုန်းတီးခြင်းကင်းစွာ တရားဟောတော်မူ၏။ ထိုတရားတော်ကို ကြားနာရ၍ တရားတော် နှင့်အညီ ကျင့်သုံးနေထိုင်သောသူတို့သည် သစ္စာလေးပါးတို့ သိမြင်ကြကုန်၏။ တရားတော်နှင့် မညီဘဲ အကျင့်ဖောက်သော သူတို့သည်ကား အကျိုးမဲ့ သေကြေပျက်စီး ကြရကုန်၏''

''အရှင်ဘုရား၊ ထိုခြောက်ကျိပ်သော ရဟန်းတို့သည် အဂ္ဂိခန္ဓောပမသုတ်ဒေသနာ တော်ကြောင့်သာလျှင် သွေးအန်ကြရသည် မဟုတ်ပါလော''

''မင်းမြတ်၊ သစ်ခွေသမားတို့သည် သစ်ကို ဖြောင့်အောင်ချောအောင် ခွေကြသော အခါ သစ်ကို ငဲ့ညှာကြပါသလော''

''အရှင်ဘုရား၊ ငဲ့ညှာမနေကြပါ။ သစ်ကို ဖြောင့်အောင် ချောအောင် ပယ်သင့် သည်ကို ခုတ်ပယ်၍သာ ခွေကြပေရာ၏''

''မင်းမြတ်၊ ဤအတူသာပင် ဘုရားရှင် သည် ပရိသတ်ကို ငဲ့ညှာနေပါလျှင် သစ္စာ

လေးပါးတရားတော်ကို ဝေနေယျတို့ သိအောင် မြင်အောင် ဟောတော်မူနိုင်မည် မဟုတ်ချေ။ ထို့ကြောင့်ပင် အကျင့်ဖောက်ပြန်သူတို့ကို ပယ်ရှားကာ ကျွတ်ထိုက်သော ဝေနေယျတို့ သိမြင်လာစေရန် တရားဟောတော်မူ၏"

"မင်းမြတ်၊ ဥပမာအားဖြင့် ငှက်ပျောပင် စပါးပင်နှင့် အဿတိုမြင်းမတို့သည် မိမိတို့၏အသီး၊ မိမိတို့၏ သားငယ်ကြောင့် သေဆုံးကြရကုန်၏။ ဤအတူသာပင် ထိုရဟန်းခြောက်ကျိပ်တို့သည် မိမိတို့၏ အကုသိုလ်ကံကြောင့်သာလျှင် သွေးအန်၍ ပျက်စီးကြရကုန်၏"

"မင်းမြတ်၊ ဥပမာအားဖြင့် လူတစ်ယောက်သည် လူအပေါင်းအား အမြိုက်သုဓာဘုတ်ကို ပေးလှူရာ၏။ လူအများသည် ထိုအမြိုက်သုဓာဘုတ်ကို စားသောက်၍ အသက်ရှည်၍ ရောဂါကင်းကြကုန်၏။ လူတစ်ယောက်သည်ကား ထိုအမြိုက်သုဓာဘုတ်ကိုပင် မဆင်မခြင် စားသောက်သဖြင့် သေဆုံးရာ၏။ ထိုသို့သေဆုံးရသောကြောင့် အမြိုက်သုဓာဘုတ်ပေးလှူသူမှာ အကုသိုလ် တစ်စုံတစ်ရာ ကပ်ရောက်လာမည်လော"

"အရှင်ဘုရား၊ ကပ်ရောက်မလာပါ"

"မင်းမြတ်၊ ဤအတူသာပင် ဘုရားရှင်သည် တစ်သောင်းသော လောကဓာတ်၌ နတ်လူတို့အား သေခြင်းကင်းရာ တရားအလှူတော်ကြီးကို ပေးလှူတော်မူ၏။ ကျွတ်တမ်းဝင်ထိုက်သောသူတို့သည် ထိုသေခြင်းကင်းရာ တရားအလှူတော်ကြီးကို ခံယူကျင့်သုံးကာ သစ္စာလေးပါးကို သိမြင်ကြကုန်၏။ မကျွတ်ထိုက်သောသူတို့သည်ကား ထိုတရားအလှူတော်ကြီးကို မကောင်းစိတ်ဖြင့် ခံယူကြသဖြင့် သေကြေပျက်စီးကြရပေကုန်၏"

"အရှင်ဘုရား၊ ကောင်းလှပါပေ၏"



# အခြေပြုပဋ္ဌာန်းတရားတော်

**အရှင်ဇနကာဘိဝံသ-ဂန္ဓာရုံဆရာတော်**

အခြေပြုပဋ္ဌာန်းတရားတော်

(ဒုတိယနေ့)

ပဏာမ

မနေ့တုန်းက ပဋ္ဌာန်းတရားတော်ရဲ့ အခြေခံကိုသာ ဟောခဲ့ရပါတယ်။ ယနေ့ ပဋ္ဌာန်းတရားကစပြီးတော့ ဟောဘို့ရန် ပဋ္ဌာန်းအကြောင်း နဲနဲလေးနားလည်မှ ကောင်းတယ်။

နာနာပစ္စကာရဋ္ဌာနာနိ၊

ဗောဓိတာနေတ္ထ မုနိနာ။

အနန္တနယ ပဋ္ဌာနံ၊

ဝန္ဒေ အနန္တ ဂေါစရံ။

ဧတ္ထ၊ အနန္တနယ သမန္တပဋ္ဌာန်းကျမ်းတော်ကြီး၌။ မုနိနာ၊ မုနိထွတ်တင် ဘုရားရှင်သည်။ နာနာပစ္စကာရဋ္ဌာနာနိ၊ ဟေတု၊ အာရမ္မဏ စသည်များစွာ အကြောင်းအရာတို့ကို။ ဗောဓိတာနိ၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျနု သိပြီးမှလျှင် များလှဝေနေ သိစေတော်မူခဲ့လေပြီ။ အနန္တဂေါစရံ၊ အဆုံးမရှိ ကုန်အောင်သိသည့် ဉာဏ်တော်၏သာ ကျက်စားရာဖြစ်တော်မူသော။ နံ အနန္တနယပဋ္ဌာနံ၊ မြားမြောင်ပေါ်ယယ် နည်းစုံကြွယ်သား ကြီးကျယ်မြင့်မော် ထိုပဋ္ဌာန်းကျမ်းတော်ကြီးကို။ ဝန္ဒေ၊ တသက်တခါ ကြုံခဲစွာဖြင့် ကြုံလာသည့်ခိုက် ဦးဖြင့်တိုက်၍ နှစ်မြိုက်လှစွာ ရှိခိုးကန်တော့ပါ၏ဘုရား။

သာဓု....သာဓု...သာဓု။

ပဋ္ဌာန်းကျမ်း

"ပဋ္ဌာန်းဆိုတဲ့ပါဠိစကားက "ပဋ္ဌာန (ပ)က အမျိုးမျိုးအစားစား အပြားအားဖြင့် (ဋ္ဌာန)က အကြောင်းအရာတွေ" အဲဒီလို တရားတော်တွေ ဟောတော်မူတဲ့ကျမ်းကို "ပဋ္ဌာန်းကျမ်း" လို့ခေါ်ပါတယ်။ "အမျိုး

မျိုးအစားစား များစွာသော အကြောင်းတရားတို့ကို ဟောတော်မူရာဖြစ်တဲ့ ကျမ်းတော်ကြီး" ကို ပဋ္ဌာန်းကျမ်းလို့ခေါ်ပါတယ်။

ပြီးတော့ ဒီပဋ္ဌာန်းကျမ်းထဲမှာ (ပဋ္ဌာန်းတရားတော်ထဲမှာ) ဘာတွေသိရမလဲဆိုတော့ "အားလုံး အကြောင်းရှိမှ အကျိုးဖြစ်တာပါလား၊ အကြောင်းရှိမှ အကျိုးဖြစ်တာပါလား အားလုံးအကျိုးတွေဟာ အကြောင်းမရှိဘဲနဲ့ တစ်ခုမှ မဖြစ်ပါပဲလား" အဲသလိုသိသွားလိုက်တော့ အကြောင်းမရှိဘဲ ဖြစ်ချင်သလိုဖြစ်ဆိုတဲ့ ဝါဒဟာ အလိုလိုပြောက်သွားတယ်။ အင်မတန်မှ မှန်မြတ်တဲ့တရားတော်ကြီး၊ အင်မတန်မှ သတ္တဝါတွေကို အကျိုးပြုတဲ့ တရားတော်ကြီးဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့နာရတဲ့အခါဖြစ်ဖြစ် ဘုန်းကြီးတို့ နာတဲ့အခါ ဟောတဲ့အခါဖြစ်ဖြစ် ဗုဒ္ဓမြတ်စွာကို စိတ်တော်က ဦးညွှတ်ပြီးတော့ ဒီတရားတော်ကြီးကို နာဘို့ ဟောဘို့ကောင်းပါတယ်။

"ဇွတ္တေ၊ အနန္တနယ သမန္တကျမ်းတော်ကြီး၌။ မုနိန္ဒာ၊ မုနိထွတ်တင် ဘုရားရှင်သည်။ နာနာပ္ပကာရဋ္ဌာနာနိ၊ ဟေတု, အာရမ္မဏ စသည်များစွာ အကြောင်းအရာတို့ကို။ ဖောမိတာနိ၊ သဗ္ဗညုတာဉာဏ်တော်သာဖြင့် ဦးစွာကျနသိပြီးမှလျှင် များလှဝေနေ သိစေတော်မူခဲ့လေပြီ။" ဒီတရားတော်ကြီးကို ဗုဒ္ဓမြတ်စွာက (မနေ့ကပြောခဲ့တယ်မဟုတ်လား) ဘုရားဖြစ်ပြီးတဲ့နောက် လေးခုမြောက်သတ္တာဟ, လေးခုမြောက်ခုနစ်ရက် တစ်ပတ်မှာ ဒီတရားတော်ကြီးဆင်ခြင်တော့ ဤအကြောင်းတရားတွေအများကြီး တစ်မျိုးပြီးတစ်မျိုး...တစ်မျိုးပြီးတစ်မျိုး... တစ်မျိုးပြီးတစ်မျိုး.. ဆင်ခြင်တော်မူလိုက်တာ စိတ်တော်ကိုကြည်လို့။

စိတ်တော်ကကြည့်တော့ အသွေးတော် အသားတော်တွေကြည်လို့။ သွေးတော်တွေကြည်တော့ ဝမ်းထဲမှာရှိတဲ့ သလိပ်, သည်းခြေ, သွေး ... လတွေက စပြီးတော့ သန့်ရှင်းလို့ ကြည်လင်လို့ အဲဒီမှာ ရောင်ခြည်တော်တွေထွက်တော်မူတာ။ ဒါကြောင့် ဘုန်းကြီးတို့က ဒီတရားတော်ကို အာရုံပြုလိုက်လို့ရှိရင်ဘဲ ဘုရားကိုမြင်လာပြီး ဟောဒီတရားတော်တို့ရဲ့အရှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုမြင်ရပြီး (ဘုရားကိုယ်တော်မြတ်ကြီးလို့သာ ပြောရတယ်၊ အဲဒီအချိန်မှာ ၂၉

နှစ် တွေထွက်တော်မူတော့ ၃၅နှစ် အရွယ် တော်ရှိသေးတယ်။ အင်မတန်အရွယ်ကောင်း တဲ့အချိန်မှာ ဗုဒ္ဓဖြစ်တော်မူတယ်။)

"ဗုဒ္ဓ" ဆိုတဲ့ ဘွဲ့တော်ကလည်း တော် တော့ပုဂ္ဂိုလ်မရနိုင်ဘူးလို့ မနေ့ကပြောခဲ့တယ် နော်၊ "အနန္တဂေါစရ၊ အဆုံးမရှိ ကုန်အောင် သိသည့် ဉာဏ်တော်၏သာ ကျက်စားရာ ဖြစ်တော်မူသော" ဗုဒ္ဓမြတ်စွာက လွဲလို့ရှိရင် အရှင်သာရိပုတ္တရာဉာဏ်တော်ဟာ အကြီးဆုံး ပဲ။ ဒီသာသနာတော်မှာ အဲဒီအရှင်သာရိပုတ္တ ရာတောင်မှ (အရှင်သာရိပုတ္တရာရဲ့ ဉာဏ် တောင်မှ) ကျက်စားနိုင်တဲ့အခွင့်အလမ်းမရှိ ပါဘူး။ "အနန္တဂေါစရ၊ အဆုံးမရှိကုန်အောင် သိသည့် ဉာဏ်တော်၏သာ ကျက်စားရာ ဖြစ်တော်မူသော။ တံအနန္တနယ ပဋ္ဌာန်၊ မြား မြောင်ပေါ်ယယ် နည်းစုံကြွယ်သား ကြီးကျယ် မြင့်မော် ထိုပဋ္ဌာန်းကျမ်းတော်ကြီးကို။" ဒါ တစ်သက်တစ်ခါကြုံရတာ၊ ဒကာတို့ ကြား နာတော့လည်း တစ်သက်တစ်ခါ ကြားနာရ တာ။ ဘုန်းကြီးတို့မှာလည်းပဲ တစ်သံသရာ လုံးမှ တစ်ခါကြုံရတာ၊ အင်မတန် ကြုံကြိုက် ခဲ့တဲ့ တရားတော်ကြီးကို စိုက်ပြီးတော့လည်း နာရပါ့မယ်။ ဘုန်းကြီးကလည်း တရားတော် ရှိညမျှ လေ့လာရသမျှကို ဟောလို့မဖြစ်ပါဘူး၊ လူများနားလည်လောက်အောင် ရိုးရိုးပုဂ္ဂိုလ် နားလည်လောက်အောင် ဒီလိုဆင်ပြီးတော့မှ ဟောရပါမယ်။ ဒါ့ကြောင့် အင်မတန်မွန်မြတ် တဲ့တရားတော်ကြီးကို အင်မတန်မွန်မြတ်တဲ့ စိတ်နဲ့ နာကြပါနော်။

"အနန္တဂေါစရ၊ အဆုံးမရှိကုန်အောင် သိသည့် ဉာဏ်တော်၏သာ ကျက်စားရာဖြစ် တော်မူသော။ တံ အနန္တနယ ပဋ္ဌာန်၊ မြား မြောင်ပေါ်ယယ် နည်းစုံကြွယ်သား ကြီးကျယ် မြင့်မော် ထိုပဋ္ဌာန်းကျမ်းတော်ကြီးကို။ ဝန္ဒေ၊ တစ်သက်တစ်ခါကြုံခဲစွာဖြင့် ကြုံလာသည့် ခိုက် ဦးဖြင့်တိုက်၍ နှစ်ခြိုက်လှစွာ ရှိခိုး ကန်တော့လိုက်ပါ၏ဘုရား။

သာဓု....သာဓု...သာဓု။

အရှင်ဇနကာဘိဝံသ
နောက်လဆက်ရန်

# ထေရဝါဒခရီးသည် (၅)



(ကိုရင်ရွှေဗျိုင်း-နေနတ်သား)

**မိုင်းပြင်းသြဝါဒခံယူပွဲ**

ထေရဝါဒခရီးသည်များသည် ၁၆-၂-၂၀၁၆ ရက်နေ့တွင် မိုင်းပြင်းသာသနာပြုဌာနသို့ ကြွရောက်ခဲ့၏။ ရှမ်းတောင်တန်းကြီးသည် ရင်သပ်ရှုမောဖွယ်ကောင်း လောက်အောင် လှပလွန်းပါ၏။ တောရိပ်တောင်ရိပ်တို့သည် ကြည်နူးနှစ်ခြိုက်ဖွယ် အတိ ပြီးပါ၏။ သို့သော် မိုင်းပြင်းခရီးသည် (၃)နာရီခရီးသာ ဖြစ်သော်လည်း အကွေ့အကောက် အတက်အဆင်းများနှင့် လမ်း၏ ချောမွတ်ပြေပြစ်မှု အလွန်အားနည်းလှသောကြောင့် ပင်ပန်းလှပါ၏။ လှတောသား၏ စကားဖြင့်ဆိုလျှင် ကျောက်ခဲစားသွားလျှင်ပင် အစာကြေမည့် လမ်းမျိုးပေတည်း။ ထို့ကြောင့် ရှမ်းတောင်တန်း၏ အလှအပများကို အပြည့်အဝခံစားခွင့် မရရှိခဲ့ပေ။

နံနက် (၁၀:၀၀)အချိန် မိုင်းပြင်းသာသနာပြုကျောင်း၌ သြဝါဒခံယူပွဲနှင့်



၀၃၂၉၃

ဆွေးနွေးပွဲလေး ကျင်းပပြုလုပ် ဖြစ်ခဲ့၏။ ထိုပွဲတွင် 'ရင်ခုန်သံနှင့် ကိုယ်ကျင့်တရား' ခေါင်းစီးဖြင့် ဩဝါဒပေးခဲ့ပါ၏။

'မိုင်းပြင်းပတ်ဝန်းကျင်မှာ သာသနာပြုနေတဲ့ အရှင်ဘုရားများဟာ အရမ်းနုနယ်နေသေးတယ်။ အရှင်ဘုရားတို့အရွယ်ဟာ ရင်ခုန်ကောင်းတုန်းအရွယ်ပဲ၊ ရင်တော့ ခုန်ခွင့်ရှိတယ်၊ သို့သော် ကိုယ်ကျင့်တရား ပျက်ခွင့်မရှိဘူးနော်။

လူသားဆိုတာ အဆန်းတကြယ် ရင်ခုန်တတ်သောသတ္တဝါပါ။ အဘိုးလည်း ရင်ခုန်ခဲ့ဖူးတယ်။ အဘွားလည်း ရင်ခုန်ခဲ့ဖူးတယ်။ အဖေနှင့်အမေလည်း ရင်ခုန်ခဲ့ကြဖူးတာပါပဲ။

- ချစ်လို့ရင်ခုန်တယ်
- မုန်းလို့ရင်ခုန်တယ်၊
- နိုင်လို့ ရင်ခုန်တယ်၊
- ရှုံးလို့ ရင်ခုန်တယ်၊
- ဆုံလို့ ရင်ခုန်တယ်၊
- ကွဲလို့ ရင်ခုန်တယ်၊

လူ့ဘဝရောက်စ အမေ့နို့ရည်ချိုချိုလေးကြောင့် ရင်ခုန်ခဲ့ရတယ်။ အရွယ်ရောက်လာပြန်တော့ ချစ်သူ့မျက်နှာလှလှလေးကို တစ်ဝကြီးကြည့်ပြီး အကြီးအကျယ် ရင်ခုန်ခဲ့ရပြန်တယ်။ အိမ်ထောင်ရက်သားကျပြီး သားလေး သမီးလေးတွေ ပေါ်ပေါက်လာပြန်တော့လည်း သူတို့လေးတွေ အငိုအပြုံးလေးများနဲ့ ရင်ခုန်ခဲ့တယ်။ ခေါင်းဖြူစွယ်ကျိုးဘဝ ငယ်ဖော်သွားကျိုး ပါးကျိုးရုပ်သွင်၊ တွန့်လိမ်ကြေမွနဲ့အလှ၊ ကတုန်ကယင်အသံလေးများနဲ့ ကျေနပ်ရင်ခုန်ခဲ့ရပါတယ်။

သေမင်းတံခါးခေါက်ချိန်မှာ ကြေးစည်ထုသံနဲ့ ပရိတ်ရွတ်သံ ကြားနေရတယ်။ အဲဒီအချိန်မှာတောင် 'ခွဲခွာရတော့မှာပါလား' ဆိုတဲ့ တမ်းတကြေကွဲခြင်း သံစဉ်တွေနဲ့ ရင်တွေ ခုန်ခဲ့ကြရတယ်။

**ကိုယ်ကျင့်တရား**

တစ်ခါက မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ဝေဠုဒွါရရွာကြီးသို့ ကြွရောက်တော်မူခဲ့တယ်။ ခရီး ရောက်မဆိုက် ရွာသားအချို့က ရှင်တော်ဗုဒ္ဓအား လျှောက်ထားကြတယ်။

အရှင်ဘုရား... တပည့်တော်တို့မှာ ငွေကြေးလည်း ပြည့်ပြည့်စုံစုံရှိတယ်၊ အသုံးအဆောင်ပစ္စည်းတွေကလည်း အလျှံပယ်ပါပဲ။ ဒီဘဝအတွက်တော့ စိတ်ချရပါပြီ၊

နောက်ဘဝမှာလည်း ပြည့်ပြည့်စုံစုံ နေနိုင်ဖို့ရယ်၊ နတ်စည်းစိမ် ခံစားဖို့ရယ် အဲဒီတရားမျိုး ဟောကြားတော်မူပါဘုရား' တဲ့။

ထိုရောအခါ ရှင်တော်ဗုဒ္ဓက…

- သူ့အသက် မသတ်ကြဖို့၊
- သူ့မယား မပြစ်မှားကြဖို့၊
- မမှန်စကား မပြောကြဖို့၊
- ကုန်းတိုက်စကား မပြောကြဖို့၊
- အနှစ်မဲ့စကား မပြောကြားဖို့နဲ့

'ကိုယ်တိုင်မပြု၊ သူမပြုစေ ချီးမွမ်းလေ' ဆိုတဲ့ အစွန်းသုံးပါးလွတ် ကိုယ်ကျင့်သီလ ခိုင်မြဲဖို့ ဟောကြားတော်မူခဲ့ပါတယ်။ ဒါဟာ ကိုယ်ကျင့်ပါပဲ။ သိဝိမင်းကြီးကို ကြည့်ရအောင်…

သိဝိမင်းကြီးဟာ အချစ်ရူး ရူးခဲ့တယ်။ ငယ်ကျွန်တော်ကြီး ရထားထိန်း သုနန္ဒာကို ကြေကြေကွဲကွဲ ရင်ဖွင့်ခဲ့ရှာတယ်

'အိုး… သူ့အလှတွေကုန်စင်၊ ငါပြောနိုင်မယ်မထင်ဘူးမောင်မင်း၊ တစ်လောကလုံးရဲ့ အလှအပတွေ ကို သူ့ကိုယ်မှာ စုပုံရောက်ရှိနေသလိုပ။ ဒီတော့ သူ့ခေါ၊ သူ့မိဘ၊ သူ့ဘဝ ပဲ့ကိုင်အပိုင် ရှိ/မရှိ။ ဒါတွေကို မင်းသိရင် ပြောပြပါလား' တဲ့

'ဇမ္ဗူမက လေးကျွန်းကျအောင် မရဘက်ရှာ မယ်ဥမ္မာကို ငါမြင်သည်မှ ထိုကစ၍ နေ့ညပတ်လုံး ခွေခွေနုံးလျက် စက်အုန်းမှီကာ မပျော်ပါတည့်…'

ဥမ္မာဒန္တီက သက်နှင်းလှူခဲ့ဖူးသူ၊

'လှပါရစေ၊ ပြိုင်ဖက်ကင်းတဲ့အလှကို ပိုင်ဆိုင်ရစေ၊ မြင်သမျှ ပုရိသတွေ ရူးသွားပါစေ' တဲ့။

အဲဒီဆုတောင်းက တကယ်ပြည့်ခဲ့သကိုး။

ဒီတော့ 'မြကြောစိမ်းစိမ်း၊ ရှိန်းရှိန်း စိုစိုလှသည့်ကိုယ်၌ ရှိုက်ဖိုကြီးငင် အသွယ်သွယ်မူ တင့်တယ်စေမှု သိကြားထုသို့' တဲ့။

အဘိပါရကစစ်သူကြီးက အိမ်သူသက်ထား-ဇနီးမယားချောလေး ဥမ္မာဒန္တီကို သိဝိမင်းကြီးအား လှူတယ်။ သိဝိဘုရင် ဆိုတာ ရင်ခုန်သံနဲ့ ကိုယ်ကျင့်တရား ကွဲကွဲပြားပြား နားလည်ထားတဲ့မင်းတစ်ပါး။ ဒီတော့-

သူငယ်ချင်း မင်းအသေအချာစဉ်းစားနော်။

- ဒီလောကမှာ လူညံ့တွေချည်း နေတာမဟုတ်ဘူး၊ မင်းတို့ ငါတို့ လုပ်ရပ်

မှားကြီးကို လူတော်တွေ သိသွားရင် ရှက်စရာ။

- ပညာရှင်ဆိုတာ ကိုယ် ဘယ်လောက်ဆင်းရဲ ဆင်းရဲ ကုသိုလ်ကို မစွန့်ဘူး။ ဘယ်လောက်ချမ်းသာ ချမ်းသာ အကုသိုလ် အလုပ်ကို မလုပ်ဘူး။'

- မိမိချမ်းသာဖို့အတွက် တစ်ဖက်လူရဲ့ ကြီးပွားမှုကို လုယူတယ်ဆိုတာ တရားရှင်တွေရဲ့ အလုပ်မှ မဟုတ်တာ…'တဲ့။ ရင်တွေခုန်နေတယ်။

အဲဒါ သိဝိဘုရင်ကြီး မှားလား၊ ပုထုဇဉ်ပဲ ရင်ခုန်မှာပေါ့။ သိဝိဘုရင်က ရင်ခုန်သံကို ဥပေက္ခာပြုနိုင်ခဲ့တယ်။ ကိုယ်ကျင့်တရားကို လုံးဝမပျက် အစီးမခံခဲ့ဘူး။ အဲဒါ သူတော်ကောင်းရဲ့နှလုံးသား။ ရင်ခုန်သံတွေ ဘယ်လောက်ပဲမြန်မြန် ကိုယ်ကျင့်တရားမပျက်အောင် ထိန်းသိမ်းနိုင်ကြပါစေလို့ ဆန္ဒပြုရင်း သြဝါဒကထာကို ဒီမှာပဲ နိဂုံးကမွတ် ကိုယ်တိုင်ရေးကဗျာတပုဒ်နဲ့ အဆုံးသတ်ပါစို့….

### ရင်ခုန်သံနှင့် ကိုယ်ကျင့်တရား

(၁)

ဥမ္မာဒန္တီ လှသီဂီကို
မြင်ပြီးမေ့ဖူး 'သိဝိ'ရူးခဲ့
ချစ်ဖူးသူတိုင်း ရူးကြ၏။

(၂)

တဏှာကြောင့်ရူး မာနကြောင့်ရူး
ဒိဋ္ဌိကြောင့်ရူး အရူးဇာတ်ခုံ
ဤလူ့ဘုံ၌ ရင်ခုန်မေ့ဖူး
'သိဝိ'ရူးတာ မှားသလား။

(၃)

ကိုယ်နှင့်နှုတ်ကို ထိန်းချုပ်ခြင်းမဲ့
ကျိုးပဲ့သီလ ပျက်စီးမှုလျှင်
မုချအမှား ငရဲသွားလိမ့်
အမှားဆိုတာ အဲဒါပါ။

(၄)

မင်းမြတ် 'သိဝိ'ပညာရှိသည်
ချစ်မိခဲ့ပြန် ရင်ခုန်သံကို
ဉာဏ်ဖြင့်ထိန်းကျောင်း
လမ်းကောင်းညွှန်ပြ ဆိုဆုံးမ၍
သီလမပျက် ခရီးဆက်။

(၅)

ရင်ခုန်သံကို ဉာဏ်ဖြင့်တွေးချင့်
ကိုယ်ကျင့်သီလ စောင့်ထိန်းမှလျှင်
ဘဝနှောင်ရေး 'အေး'မည်တည်း။

ထိုည ကျိုင်းတုံသို့ပြန်၍ အနားယူခဲ့၏။ မိုင်းပြင်းသာသနာပြုအရှင်၏ ရင်ခုန်သံကို ပြန်လည်ကြားယောင်၍ ထိုည နှစ်ခြိုက်စွာ အိပ်စက်မရခဲ့ပါ။

'တပည့်တော်တို့ကို ငဲ့ပါဘုရား၊ တပည့်တော်တို့မှာ ဘာသာခြား သာသနာပြုတွေနဲ့ယှဉ်ပြီး သာသနာပြုနေရတာ။ သူတို့မှာတော့ ဘွဲ့တွေ၊ Degree တွေ တစ်လှေကြီးနဲ့၊ တပည့်တော်တို့မှာတော့ ဘွဲ့လေးတစ်ခုရဖို့အရေး တစ်နှစ်တင်လိုက် ပြုတ်ထွက်သွားလိုက်၊ နောက်တစ်နှစ်တင်လိုက် ပြုတ်ကျလိုက်နဲ့ ရှက်ဖို့ကောင်းတယ်ဘုရား'တဲ့။

'အေး… အဲဒီကိစ္စ ငါတို့…'

ဘာမှဆက်ပြောစရာ မရှိခဲ့ပေ။ စာရေးသူသည် ထေရဝါဒသြဝါဒါစရိယ အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဆရာတော်တစ်ပါးသာ ဖြစ်ပါသည်။ ဘွဲ့တံဆိပ်ပေးပိုင်ခွင့်ရှိသူ မဟုတ်ပါ။ ဘွဲ့ပေးပိုင်ခွင့် ရှိသူများ၏ အပေါ်၌လည်း လွှမ်းမိုးနိုင်သည့် မည်သည့်အာဏာမှ မရှိပေ။

သို့ဆိုလျှင်

ဘာလဲ…။

ဘာဆက်လုပ်မှာလဲ…။

အနာဂတ်ကကော ဘာလဲ…။

အဖြေကား မရရှိခဲ့ပေ။ အိပ်စက်မရဘဲ အတွေးအိမ်ထဲ တဝဲလည်လည် မျောလွင့်နေရခြင်းသာ ဖြစ်ပါသည်။

**'သံဃာအဖွဲ့အစည်းအဆင့်ဆင့်တွင် ပါဝင်သည့် အရှိန်အဝါကို ကြည့်၍ ဘွဲ့အထပ်ထပ် ဆက်ကပ်နေသည်ထက် အမှန်တကယ်သာသနာပြုနယ်ပယ်တွင် ကွင်းဆင်းဆောင်ရွက်နေရသည့် သာသနာ ပြုအရှင်မြတ်များကို သာသာနပြုဘွဲ့များ ဆက်ကပ်သင့်ကြောင်း'** တာဝန်ရှိသူများကို အကြံပြုလိုသည်မှတစ်ပါး ဘာများကော တတ်နိုင်ပါမည်နည်း…။

ဆက်လက်ဖတ်ရှုပါရန်
သဗ္ဗေ ဘဒြာနိပဿန္တု
(ကိုရင်ရွှေဖျိုး-နေနတ်သား)

# သည်းခံနိုင်မှု၊ သည်းခံတတ်မှု ခန္တီစသုတေသန

B.Ed မိုင်းညို (မာန်အောင်)

ခန္တီစဟူသော မင်္ဂလသုတ်တော်လာ ပါဠိတော်ကို မြန်မာစာမူပြုခဲ့သူ ဆရာကြီး ဒဂုန်ဦးထွန်းမြင့်က "စား၊ ဝတ်၊ နေထိုင်၊ ရန်ခပ်သိမ်း၊ စိတ်ကိုချုပ်ထိန်း၊ သည်းခံလေ" ဟူ၍ မင်္ဂလာကဗျာစပ်ဆိုခဲ့ပေသည်။ ခန္တီစ- သည်းခံခြင်းဟူသည်မှာ စားမှုကိစ္စ၌လျှပ်ပေါ် လော်လီမှုမရှိ၊ ဝတ်ရေးကိစ္စ၌ လျှပ်ပေါ်မှုမရှိ၊ နေထိုင်မှုကိစ္စ၌လျှပ်ပေါ်မှုမရှိ၊ သူတစ်ပါး အပြောအဆိုကို မျိုသိပ်လျက် သည်းညည်းခံ၊ ခွင့်လွှတ်တတ်ခြင်းအပြင် အစစအရာရာတို့၌ သည်းခံခွင့်လွှတ်တတ်ခြင်းကို ဆိုလိုကြောင်း အဓိပ္ပါယ်ရရှိပေသည်။ သည်းခံခြင်းခွင့်လွှတ် ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ကြောင်း မင်္ဂလ သုတ်တော်တွင် ဗုဒ္ဓမြတ်စွာဟောကြားတော် မူလေရာ မင်္ဂလာဆိုသည်မှာ မင်္ဂ ပါပံ လုနာတိ ဆိန္ဒတိတိ မင်္ဂလံ-မကောင်းမှု အကုသိုလ်နှင့် အကုသိုလ်အကျိုးရလဒ်များကို ရိတ်လှီးလျက် ကောင်းမှုကုသိုလ်နှင့် ကုသိုလ် အကျိုးရလာဒ်များကို တိုးပွားစေတတ်သော သဘောအရ သည်းခံခြင်း၊ စားဝတ်နေထိုင် ရန်ခပ်သိမ်းမှ သည်းခံခြင်း၊ ခန္တီစ မင်္ဂလာ တရားတော်မှာ စိတ်ဖြင့်ရုပ်ဖြင့် မမြင်နိုင် မသိ မစဉ်းစားနိုင်သော ဆိုးမှုဆိုးကျိုးမှ ကင်းရှင်း စေတတ်ပြီး ကောင်းမှုကောင်းကျိုးများ တိုးပွားရှင်သန်စေတတ်သော သဘောဆောင် ကြောင်းအပြင် ပကတိစိတ်ပိုင်း ရုပ်ပိုင်းဖြင့် သိနိုင်၊ စဉ်းစားဝေဖန်တွေးတော မှန်းဆနိုင်၊ မြင်နိုင်ကြားနိုင်သော ထိတွေ့နိုင်သော ဆိုးမှု ဆိုးကျိုး ကောင်းမှုကောင်းကျိုးတို့ မဖြစ်သင့် သည်ကို မဖြစ်အောင်၊ ဖြစ်သင့်သည်ကို တိုး ပွားအောင် ပြုပြင်နိုင်စွမ်း သတ္တိစွမ်းပကား ကို ပေးစွမ်းနိုင်သည်။ ယောနိသော မနသိ ကာရ-သင့်တင့်လျောက်ပတ်ကောင်းမြတ် သော နှလုံးသွင်းစိတ် အခံဓာတ် တစ်မျိုး ဖြစ်ပေသည်။

ဤခန္တီစ မင်္ဂလာတရားတော်၏ လိုက်နာရကျိုးပြ မင်္ဂလသုတ်နိဂုံးတွင် "ဧတာ ဒိသာနိ ကတွာန သဗ္ဗတ္ထ မပရာဇိတာ၊ သဗ္ဗတ္ထ သောတ္ထိ ဂစ္ဆန္တိ" ဤခန္တီစ စသည့်မင်္ဂလာ တရားကို လိုက်နာကျင့်သုံးသူအတွက် အား

လုံးကိစ္စ၌ အောင်ပွဲရတတ်ပြီး ပစ္စုပ္ပန်သံသရာကို ကြီးပွားချမ်းသာကြောင်းအဖြစ် ဟောကြားတော်မူခဲ့ပေသည်။

ပွင့်ထွန်းတော်မူခဲ့သည့် ဘုရားရှင်တိုင်းသည် ဘုရားဖြစ်ရန်ဖြည့်ဆည်းရသော ပါရမီဆယ်ပါးတွင် "ခန္တီပါရမီ"အဖြစ် တွေ့ရပြီး ခန္တီပါရမီကို ဖြည့်ဆည်းရာတွင် ဥစ္စာဝစ အမြတ်အယုတ်မည်သည့်ပစ္စည်းပင် တင်စေကာမူ စိတ်မပျက် စိတ်မကွက် စိတ်မဆိုးတတ်သော ပထဝီသမံ- မိမိစိတ်ကို မြေကြီးဥပမာထား၍ ကျင့်ကြံဆည်းပူးရကြောင်း ဗုဒ္ဓမြတ်စွာတို့ ပါရမီဆယ်ပါး ဆည်းပူးကျင့်ကြံမှုဖြစ်စဉ် "ပါရမီခန်း"တွင် လာရှိပေသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်တိုင်း၏ ဩဝါဒပါတိမောက်၌လည်း ခန္တီပရမံ တပေါ တိတိက္ခာ-သည်းခံခြင်းမှာ မြတ်သောအကျင့်ဟု ဩဝါဒပြုကြကုန်၏။

မူလပဏ္ဏာသပါဠိတော် သဗ္ဗာသဝသုတ်တော်တွင် အဓိဝါသန ပဟာတဗ္ဗအာသဝ သည်းခံခြင်းဖြင့် ကိလေသာအာသဝေါများကို ပယ်စွန့်နိုင်သည့်တိုင် ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့ပေသည်။ စင်စစ်အာသဝေါ တရားလေးပါးမှာ ကာမာသဝ-လိုလားမှုလောဘ၊ ဘဝါသဝ-ဘဝတောင်းတမှုလောဘ၊ ဒိဋ္ဌာသဝ- အတ္တဟု အယူစွဲခြင်းကြောင့် ဖြစ်ပေါ်လာသောဒိဋ္ဌိ၊ အဝိဇ္ဇာသဝ- ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝများဖြစ်ပေါ်ကြောင်း မောဟတရားများဖြစ်ရကား သဗ္ဗာသဝသုတ်တော်လာအတိုင်း နှလုံးသွင်း သည်းခံတတ်မည်ဆိုပါက အာသဝေါကင်းစင် ရဟန္တာဘဝဖြင့် နိဗ္ဗာန်တိုင်ဝင်နိုင်စွမ်းသော ခန္တီ-သည်းခံနိုင်မှု သည်းခံတတ်မှုပါတည်း။

သည်းခံနိုင်မှု သည်းခံတတ်မှုခန္တီတရားသည် နိဗ္ဗာန်တိုင်ပို့ဆောင်နိုင်ကြောင်း "သည်းခံမှ နိဗ္ဗာန်ရောက်နိုင်သည်" မြန်မာ့ဆိုရိုးစကားမှာ ဟုတ်မှန်ကြောင်း သဗ္ဗာသဝသုတ်တော်က သက်သေထူလျက်ရှိပါသည်။

ပရိယတ္တိစာပေလေး သည်းခံနိုင်မှု၊ သည်းခံတတ်မှုကို လက်တွေ့အားဖြင့် သုံးမျိုးခွဲခြားနိုင်ပေရာ-

၁။ မိမိကိုယ်ကို သည်းခံနိုင် သည်းခံတတ်ခြင်း။

၂။ သူတစ်ပါးကို သည်းခံနိုင် သည်းခံတတ်ခြင်း

၃။ မိမိ၏ သဘာဝပတ်ဝန်းကျင်

အပေါ် သည်းခံနိုင် သည်းခံ

တတ်ခြင်း တို့ပေတည်း။

ခန္တီစ- သည်းခံနိုင်မှု သည်းခံတတ်မှု (တနည်း) ခွင့်လွှတ်နိုင်မှုမှာ သူတစ်ပါးက ပြစ်တင်စော်ကားသဖြင့် ပြုမူခြင်းကို သည်းခံနိုင်မှု၊ သည်းခံတတ်မှု (တစ်နည်း)ခွင့်လွှတ်နိုင်မှုကိုသာ ဆိုလိုသည်ဟူ၍ ယနေ့ နေ့စဉ်ဘဝအတွေ့အကြုံများအရ လူတိုင်းနီးပါးက ယူဆနေကြပေသည်။ အချင်းချင်း မတော်တဆ ကမောက်ကမဖြစ်ရာ၌ပင် "သည်းခံသည်းခံ"ဟု ပြောဆိုတတ်ကြကြောင်း တွေ့မြင်ကြားသိကြမြဲပင်တည်း။

စင်စစ်- သူတစ်ပါးမှ သည်းခံတတ် သည်းခံနိုင်မှု(တစ်နည်း) သူတစ်ပါးကို ခွင့်လွှတ်တတ်၊ ခွင့်လွှတ်နိုင်မှုနှင့် သဘာဝပတ်ဝန်းကျင်မှ သည်းခံတတ် သည်းခံခွင့်လွှတ်နိုင်မှုကို မြင်သာထင်သာရှိသဖြင့် ချီးကြူး၍လည်း ရရှိနိုင်ပေသည်။ ဒီလူသိပ်သည်းခံတတ်တာပဲ ဒီလူကခွင့်လွှတ်တတ်ပါတယ်။ စသည်ဖြင့်ပေတည်း။ သို့ရာတွင် မိမိကိုယ်ကို သည်းခံနိုင်မှု သည်းခံတတ်မှု တစ်နည်း ခွင့်လွှတ်နိုင်မှု စွန့်လွှတ်နိုင်မှုမှာကား မိမိနှင့်သာ သက်ဆိုင်သဖြင့် သူတစ်ထူးမဖြစ်နိုင်၊ မိမိသာ မိမိသိအဆင့်ဖြင့် ရှိနေပေသည်။ ကျွန်ုပ်တို့ လူသားများအဖို့ တစ်ခါတစ်ရံ မိမိသည်ပင် မိမိဆန္ဒများစွာအရ မိမိနှင့် အစီအငေါ်မတည့် ဖြစ်နေတတ်လေ့ရှိတတ်ကြမည်ဖြစ်၏။ မိမိသည်ပင် မိမိနှင့်မတည့်၊ မိမိကိုယ်ကို မိမိ သဘောမကျ၊ တရားလိုတရားခံအဖြစ် မိမိကိုယ်ကို မိမိလျှောက်လဲချက်ပေး၊ အားမရ၊ ဝမ်းမသာနိုင်၊ အတ္တာနုဝါဒ-မိမိကိုယ်ကိုမိမိ တရားခံ စွတ်စွဲလျက် ဘေးသင့်နေတတ်ကြပြီး မိမိခေါင်းကို မြင်ရာနှင့်ဆောင့်၊ ရင်ဘက်ကိုစည်လိုတီးခက်၊ အော်ဟစ်မောင်းမဲ၊ မိမိကိုယ်ကိုမိမိက၊ "မင်း..မင်း...မင်းကြောင့်မင်းကြောင့်"စွတ်စွဲခြင်းအမူအရာများပင် ရင်မှပေါက်ထွက်လာတတ်ကြကြောင်း တွေ့ရှိရပေမည်။ ဇစ်မြစ်မျာမူကား မိမိကိုယ်ကိုမိမိသည်းခံနိုင်စွမ်း သည်းခံတတ်မှု၊ ခွင့်လွှတ်၊ စွန့်လွှတ်၊ ထိန်းသိမ်းနိုင်မှုမရှိခြင်းကြောင့်ပါတည်း။ ခန္တီစတရား ကိုယ့်ကိုယ်အတွက်မထားတတ်၊ မထားနိုင် ခွင့်မလွှတ်နိုင်ခြင်းကြောင့်ပေတည်း။

စိတ္တေနနီယတေလောကော- လောကကိုစိတ်ကဆောင်သည် ဟူသော ဗုဒ္ဓဟောတော်မူသည့်အတိုင်း နာမ်မလိမ္မာ၊ ရုပ်မသက်

သာ၊ သည်းခံနိုင်မှု၊ သည်းခံတတ်မှု၊ ခန္တီစ သဘောကင်းလျက်၊ လက်ငင်း၌ အသက်ရှူ ကြပ်ရောဂါ၊ နှလုံးသွေးတိုးစသည်ရောဂါများ ပင်သက်ရောက်မှီကပ်ခိုလာတတ်ကြကြောင်း တွေ့ရပါသည်။ မူလပဏ္ဏာသပါဠိတော် သဗ္ဗာ သဝသုတ်တော်တွင် မိမိကိုယ်ကိုမိမိသည်းခံ နိုင်မှု၊ သည်းခံတတ်မှုနှင့်ပတ်သက်၍ "ခမော ဟောတိ၊ ဇိဃစ္ဆာယ၊ ပိပါသာယ၊ ဥပ္ပန္နာနံ သာရီရိကာနံ ဝေဒနာနံ ဒုက္ခာနံ တိဗ္ဗာနံ ခရာနံ ကဋုကာနံ အသာတာနံ အမနာပါနံ ပါဏ ဟရာနံ အဓိဝါသနဇာတိကော ဟောတိ" ဆာလောင်မွတ်သိပ်မှုမှ သည်းခံတတ်ခြင်း၊ အလွန်ခံနိုင်ခက်ခဲသော အသက်ဇီဝိန်ကိုပင် ချွေချနိုင်စွမ်းရှိသော ရောဂါဝေဒနာမှ သည်းခံ နိုင်၊ သည်းခံတတ်ခြင်းဟူ၍ လာရှိပေသည်။

သည်းခံတတ်ရမည့် သည်းခံယူရမည့် စားချင် သောက်ချင်၊ လှချင်ပချင်၊ ဝတ်ဆင် ချင်မှု ပြင်းထန်မှုမှ သည်းခံတတ်မှုဟုဆိုလို ရင်းဖြစ်၏။ ရောဂါဝေဒနာနှင့်ပတ်သက်လာ လျှင် တတ်သည့်နားလည်သူနှင့် ကုသရပါ မည်။ ကုသ၍မပျောက်နိုင်သော ရောဂါဝေဒ နာအတွက်မူကား ဆေးရုံတစ်ခုပြီးတစ်ခု၊ ဆရာဝန်တစ်ယောက်ပြီးတစ်ယောက် ငွေရှိ သမျှ ပြုစုဖို့ လူရှိသမျှ တစ်ပြောင်းပြန်ပြန် မဖြစ်မှုဘဲ သီလ၊ သမာဓိ၊ ပညာရှေ့ထား လျက် သတိကြီးစွာ ရောဂါဝေဒနာ၌ သည်း ခံတတ်မှုရှိဖို့လိုအပ်ပေသည်။

ဗုဒ္ဓစာပေတွင် ဆာလောင်မွတ်သိပ် မှုနှင့်ပတ်သက်၍ "ဇိဃစ္ဆာ ပရမာ ဒုက္ခာ- ဆာလောင်မွတ်သိပ်မှုသည် အခံရခက်သော ဒုက္ခဝေဒနာတစ်မျိုး၊ ဇိဃစ္ဆာ ပရမာ ရောဂါ- ဆာလောင်မွတ်သိပ်မှုသည် အခံရခက်သော ရောဂါတစ်မျိုး" ဟု လာရှိပေရာ ထိုဆာလောင်မွတ်သိပ်မှုမှသည်းခံတတ်ခြင်း သည်လည်း မိမိကိုယ်ကို မိမိသည်းခံတတ် ခြင်းတစ်မျိုးပါတည်း။ မိမိကိုယ်ကို သည်းခံ နိုင်မှု၊ သည်းခံတတ်မှုတွင် ဆာလောင်မွတ် သိပ်မှုမှလည်းကောင်း၊ အသက်ထွက်မတတ် ရောဂါဝေဒနာမှလည်းကောင်း သည်းခံနိုင်မှု ရှိခြင်းစသည်တို့ပေတည်း။

ဓိနသာသနံ စိရံ တိဋ္ဌတု။
B.Ed မှိုင်းညို (မာန်အောင်)


ရွှေပိမာန်ရှင်
▸ တက္ကသိုလ်သျှင်သီရိ <ဓမ္မာစရိယ ဘီအေ>
▸ ပန်းချီတင်ထွန်းထွန်း
ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ဖြစ်ပါသည်။ ရာဇဂြိုဟ်ပြည်မှ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးသည် နှမ်းဆီအလို့ငှာ နှမ်းတို့ကို ရေဆေးပြီး နေလှမ်းနေသည်။


ဘုရားရှင်သည် ထိုနေ့နံနက်တွင် ကျွတ်ထိုက် ကယ်ထိုက်သော သတ္တဝါတို့ကို မဟာ ကရုဏာဖြင့် ကြည့်သောအခါ ထိုကိုယ်ဝန်ဆောင် အမျိုးသမီးသည် ယနေ့ပင် သေလွန်ကာ ငရဲကျရောက်မည်ကို သိမြင်တော်မူ၍ ကယ်တင်ရန် သာဝတ္ထိပြည်မှ ရာဇဂြိုဟ်မြို့သို့ ကြွလေသည်။



ဘုရားရှင်သည် ရာဇဂြိုဟ်မြို့တွင် အိမ်အစဉ်အတိုင်း ဆွမ်းခံ
ကြွတော်မူရာ ထိုအမျိုးသမီး အိမ်ရှေ့ တံခါးဝ၌ ရပ်လေသည်။




အမျိုးသမီးသည် ဘုရားရှင်ကို ဖူးမြင်ရသော အခါ သဒ္ဓါတရား လွန်စွာ ဖြစ်လေသည်။
ဟယ်… ဘုရားရှင် ကြွတော်မူလာတာပဲ… ငါ လှူချင်လိုက်တာ၊ ဘာလှူရမလဲ၊ ဘာရှလည်း အဆင်သင့် မရှိဘူး…
သူမသည် မိမိလှမ်းထားသော နှမ်းတို့ကို မြင်ရာ…
ဟောဒီ နှမ်းတွေပဲ လှူလိုက်တော့မယ်… ဟုတ်တယ် ငါ့ဆန္ဒပြည့်ပြီ…



သူမသည် လက်ခြေတို့ကို ဆေးပြီး နှမ်းတို့ကို လက်နှစ်ဖက်ဖြင့် ကျုံးယူ၍ လက်ခုပ်အပြည့် ဘုရားရှင်အား ဝမ်းမြောက်ဝမ်းသာ လောင်းလှူသည်။






မြတ်စွာဘုရားရှင်သည် ဆုပေး၍ ပြန်ကြွသွားရာ အမျိုးသမီးသည်
ကြည်ညိုသဒ္ဓါ ပီတိဖြာလျက် ရှိခိုးကန်တော့လေသည်။




သူမသည် ထိုညလွန်မြောက်ပြီး နောက်နေ့မိုးသောက်ချိန်တွင် ကလေးမီးဖွားရာတွင် ပြင်းထန်သောဝေဒနာကို ခံစားရသည်။
မကြာမီ မီးမဖွားနိုင်ဘဲ သေလွန်ရလေသည်။

ထိုခဏမှာပင် တာဝတိံသာနတ်ပြည်တွင် တစ်ဆယ့်နှစ်ယူဇနာရှိသော ရွှေဗိမာန်၌ အရောင်အဝါတို့ ထွန်းလင်းတောက်ပကာ တစ်တောင်သော အခြံအရံတို့ဖြင့် နတ်သမီးဖြစ်ရလေသည်။



ဤကား ဖြတ်စွာဘုရားရှင်ကို နှမ်းလက်တစ်ခုပ်စာ လှူရသော အကျိုးပင်တည်း။

" မြိုး

▸ တက္ကသိုလ်သျှင်ဩဘိရိ <ဓမ္မာစရိယ ဘီအေ>

▸ ပန်းချီတင်ထွန်းထွန်း

# မေတ္တာဘာဝနာ ပွားများနည်း

သထပ-(ကျမ်းပြု)

**အနောဓိသဖရဏာမေတ္တာပွားများနည်း**

**(ကန့်သတ်မဲ့မေတ္တာပွားနည်း)**

အနောဓိသဖရဏာမေတ္တာဟူသည် မည်သူ မည်ဝါ ယောက်ျားစသည်ဖြင့် ကန့်သတ်ချက်မထားဘဲ အားလုံးပျံ့နှံ့အောင် ပွားများရသောမေတ္တာဖြစ်သည်။

အနောဓိသဖရဏာ မေတ္တာပွားများနည်းကား အောက်ပါအတိုင်းဖြစ်သည်-

၁။က- သဗ္ဗေသတ္တာ အဝေရာ ဟောန္တု အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ။

ခ- သဗ္ဗေသတ္တာ အဗျာပဇ္ဈာ ဟောန္တု အားလုံးသောသတ္တဝါတွေ စိတ်ဆင်းရဲခြင်းကင်းကြပါစေ။

ဂ- သဗ္ဗေသတ္တာ အနီဃာဟောန္တု- အားလုံးသောသတ္တဝါတွေ ကိုယ်ဆင်းရဲခြင်းကင်းကြပါစေ။

ဃ- သဗ္ဗေသတ္တာ သုခီအတ္တာနံ ပရိဟရန္တု- အားလုံးသော သတ္တဝါတွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ၊ မိမိကိုယ် ကို မိမိချမ်းသာစွာ မွေးမြူနိုင်ကြပါစေ။

၂။ သဗ္ဗေပါဏာ အဝေရာ ဟောန္တု- အားလုံးသော အသက်ရှူသူတွေ ဘေးရန်ကင်းကြပါစေ စသည်ဖြင့်လည်းကောင်း၊

၃။ သဗ္ဗေ ဘူတာ အဝေရာဟောန္တု- အားလုံးသော ထင်ရှားဖြစ်သူတွေ ဘေးရန်ကင်းကြပါစေ၊ စသည်ဖြင့်လည်းကောင်း၊

၄။ သဗ္ဗေပုဂ္ဂလာ အဝေရာဟောန္တု- အားလုံးသော ပုဂ္ဂိုလ်တွေ ဘေးရန်ကင်းကြပါစေ စသည်ဖြင့်လည်းကောင်း၊

၅။ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဝေရာ ဟောန္တု- အားလုံးသော အတ္တဘော၌ အတွင်းဝင်သူတွေ

ဘေးရန်ကင်းကြပါ စေ စသည်ဖြင့်
လည်းကောင်း၊

အမှတ်(၁) ၌ ပြခဲ့သည့်အတိုင်း (၄) ချက်စီ မေတ္တာပွားရမည်။

ဤသို့ ပုဂ္ဂိုလ် ငါးဦးတို့ကို ဘေးရန်ကင်းကြပါစေ စသည်ဖြင့် (၄) ချက်နှင့် မြှောက်ပွားပါက အနောဓိသဖရဏ မေတ္တာပွားနည်း (၅×၄=၂၀) နှစ်ဆယ်ရှိသည်။ သတ္တဝါကို သတ္တဝါသဘူတ ပုဂ္ဂလ အတ္တဘာဝပရိယာပန္နဟူ၍ အသီးသီး အခေါ်ဝေါ်အလိုက် သုံးစွဲထားသော်လည်း အဓိပ္ပာယ်မှာ အတူတူပင်ဖြစ်သည်။

**ဩဓိသဖရဏ မေတ္တာပွားနည်း (အကန့်အသတ်ရှိမေတ္တာပွားနည်း)**

ဩဓိသဖရဏ မေတ္တာပွားနည်းဟူသည် မည်သူ မည်ဝါ ယောကျ်ား မိန်းမ အရိယာ ပုထုဇဉ်စသည်ဖြင့် တစ်ကန့်စီ တစ်ကန့်စီ ပိုင်းခြား၍ ပျံ့နှံ့အောင် ပွားများရသော မေတ္တာဖြစ်သည်။

ဩဓိသဖရဏမေတ္တာပွားနည်းကား အောက်ပါအတိုင်းဖြစ်သည်-

၁။က- သဗ္ဗာ ဣတ္ထိယော အဝေရာ ဟောန္တု- အားလုံးသော အမျိုးသမီးတွေ ဘေးရန်ကင်းကြပါစေ။

ခ-သဗ္ဗာ ဣတ္ထိယော အဗျာပဇ္ဈာ ဟောန္တု- အားလုံးသောအမျိုးသမီးတွေ စိတ်ဆင်းရဲခြင်းကင်းကြပါစေ။

ဂ- သဗ္ဗာ ဣတ္ထိယော အနီဃာ ဟောန္တု အားလုံးသောအမျိုးသမီးတွေ ကိုယ်ဆင်းရဲခြင်းကင်းကြပါစေ။

ဃ- သဗ္ဗာ ဣတ္ထိယော သုခီ အတ္တာနံ ပရိဟရန္တု- အားလုံးသော အမျိုးသမီးတွေ ကိုယ်စိတ်နှစ်ဖြာချမ်းသာစွာဖြင့် မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

၂။ သဗ္ဗေ ပုရိသာ အဝေရာ ဟောန္တု- အားလုံးသော အမျိုးသားတွေ ဘေးရန်ကင်းကြပါစေ စသည်ဖြင့် လည်းကောင်း။

၃။ သဗ္ဗေ အရိယာ အဝေရာ ဟောန္တု အားလုံးသော အရိယာတွေ ဘေးရန်ကင်းကြပါစေ စသည်ဖြင့်လည်းကောင်း၊

၄။ သဗ္ဗေအနရိယာ အဝေရာ ဟောန္တု အားလုံးသော ပုထုဇဉ်တွေ ဘေးရန်ကင်းကြပါစေ၊ စသည်ဖြင့်လည်းကောင်း၊

၅။ သဗ္ဗေ ဒေဝါ အဝေရာ ဟောန္တု- အားလုံးသော နတ်ပြဟ္မာတွေ ဘေးရန်ကင်းကြပါစေ စသည်ဖြင့်လည်းကောင်း၊

၆။ သဗ္ဗေ မနုဿာ အဝေရာ ဟောန္တု အားလုံးသော လူတွေ ဘေးရန်ကင်းကြပါစေ စသည်ဖြင့်လည်းကောင်း၊

၇။ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု- အားလုံးသော အပါယ်ဘုံးသားတွေ ဘေးရန်ကင်းကြပါစေ စသည်ဖြင့်လည်းကောင်း၊

အမှတ် (၁) ၌ ပြခဲ့သည့်အတိုင်း (၄) ချက်စီ မေတ္တာပွားရမည်။

ဤသို့ ပုဂ္ဂိုလ် (၇) ဦးတို့ကို ဘေးရန်ကင်းကြပါစေ စသည်ဖြင့် (၄) ချက်နှင့် မြှောက်ပွားပါက ဩဓိသဖရဏာ မေတ္တာပွားနည်း (၇×၄=၂၈) နှစ်ဆယ့်ရှစ်ပါးရှိသည်။

**မရဏဿတိဆင်ခြင်နည်း**

လက်ရှိဘဝ၌ သတ္တဝါတစ်ဦး၏ သေခြင်းတရားကို အမှတ်ရခြင်း ဆင်ခြင်ခြင်းသည် မရဏဿတိမည်၏။

**သေခြင်းလေးမျိုး**

မရဏဿတိကမ္မဋ္ဌာန်းနှင့်စပ်လျဉ်း၍ သေခြင်းလေးမျိုးကို သိထားသင့်သည်။ သေခြင်းလေးမျိုးကား-

၁။ အသက် (ဇီဝိတိန္ဒြေ) ပြတ်စဲခြင်း ဟူသော သေခြင်း။

၂။ ရဟန္တာတို့၏ ဝဋ္ဋဒုက္ခ (ရုပ်နာမ်စဉ်)အကြွင်းမဲ့ပျက်ခြင်းဟူသော သေခြင်း။

၃။ သင်္ခါရတရားတို့၏ ပျက်ခြင်း (ခဏ) ဟူသော သေခြင်း။

၄။ သစ်ပင်သေခြင်း။ သံသေဓေ စသော လူလောကအခေါ်အဝေါ် အရ သေခြင်းတို့ဖြစ်ပါသည်။

သထပ-ကျွမ်းပြု

# တစ်ပါးတည်းဖြင့် ကျခရီးဝယ်

မောင်နိုး (ရွှေဟုမ်)

လူဆိုတာ တစ်ယောက်တည်းနေရသည့်အခါရှိသလို အများနှင့် နေရသည့်အခါတွေလည်း ရှိသည်။ တစ်ယောက်တည်းနေရသည့်အခါပဲဖြစ်ဖြစ် အများနှင့်နေရသည့်အခါပဲဖြစ်ဖြစ် နေတတ်ဖို့လိုအပ်ပါသည်။ နေတတ်လျှင် ဘဝဟာ သာယာညိမ့်ညောင်း အပူကင်းပြီး အေးချမ်းနေပါလိမ့်မည်။ တစ်ယောက်တည်းနေရ သည့်အခါပဲဖြစ်ဖြစ် အများနှင့်နေရသည့်အခါ ပဲဖြစ်ဖြစ် မနေတတ်လျှင်တော့ ဘဝဟာ မသာယာဘူး၊ မငြိမ့်ညောင်းဘူး၊ အပူထပြီး အလိုမကျမှု တွေနှင့် ဖြစ်နေပါလိမ့်မည်။ တစ်ယောက်တည်း နေရသည့်ခိုက် မနေတတ်ခြင်းကတော့ သတိမရှိလို့ဖြစ်၏။ သတိမရှိတော့ တစ်ယောက်တည်းနေရတာတောင် ရန်ဖြစ်နေတော့၏။ ကိုယ့်စိတ်နှင့်အတူ တည့်အောင် မနေတတ်ဘူး ဖြစ်နေသည်။ ကိုယ့်စိတ်နှင့်အတူ တည့်အောင် နေတတ်ဖို့က သတိရှိဖို့ပဲဖြစ်၏။ သတိရှိလျှင်တော့ ဘဝကိုနေတတ်သည်။ ရန်လည်း မဖြစ်တော့ပါဘူး။

အကယ်၍ သတိအားနည်းသူဆိုလျှင် ကိုယ့်စိတ်နှင့်ကိုယ် တည့်အောင်ပေါင်းတတ်ဖို့ မလွယ်ပေ။ စိတ်နှင့်တစ်ကျက်ကျက် ရန်ဖြစ်နေတတ်၏။ ဒေါသအဖြစ်ခံပြီး ဒေါသနှင့် ရန်ဖြစ်နေတတ်၏။ လောဘအဖြစ်ခံပြီး လောဘနှင့်ရန်ဖြစ်နေတတ်၏။ ထို့အတူ အခြားခြားသော အကုသိုလ်တွေအဖြစ်ခံပြီး ထိုအကုသိုလ်ကတွေနှင့် ရန်ဖြစ်နေတတ်၏။ စိတ်ကလည်း ကိုယ့်အလိုမလိုက်၊ ကိုယ်ကလည်း စိတ်ကို မထိန်းနိုင်မသိမ်းနိုင်၊ အပြန်အလှန် နှောင်ချိမ်ချနေတော့၏။ သတိရှိနေလျှင်တော့ ရန်သူဖြစ်တဲ့ လောဘ ဒေါသစိတ်တွေ မလာတတ်ဘူး။ အကယ်၍ လာလျှင်လည်း သတိက အသာလေးစောင့်ကြည့်နေတာ၊ ကြာကြာအကြည့်မခံတဲ့ ရန်သူစိတ်ဟာ သူ့အလို လျှိုငုတ်သွားတာ၊ လောဘ ဒေါသ မာန်မာန ဘယ်လိုအကုသိုလ်စိတ်တွေလာလာ သတိကစောင့်ဖမ်းပေးပြီး၊ ကိုယ့်သန္တာန်အဖြစ် မခံအောင် တားပေးတာ။ လောဘတွေကြီးလာ ကြီးလာ သတိကသူရှိနေလျှင် မကြောက်

တတ်ပါဘူး။ ဒေါသတွေ မိုးထိအောင် ပေါက်ကွဲ ပေါက်ကွဲ သတိကသူရှိနေလျှင် မလန့်တတ်ပါဘူး။ သတိမရှိလျှင်တော့ ရန်သူတွေက အလျှိုလျှို ဝင်လာမည်။ ရန်သူတွေက သူတို့အချင်းချင်း ညီညွတ်ကြသည်။ ဝိုင်းပြီးတိုက်ခိုက် ထိုးနှက်ကြသည်။ လောဘကလည်း သူ့အုပ်စုနှင့် ရလာတဲ့နေရာက ဝင်ပြီးတိုက်ခိုက်သည်။ မာန်မာနကလည်း သူ့အဆင်ပြေတဲ့နေရာက ထိုးဝင်တိုက်ခိုက်သည်။ တိုက်ခိုက်ရေးကျွမ်းကျင်တဲ့ ဣဿာ မစ္ဆရိယတွေကလည်း လစ်လျှင် လစ်သလို ကိုယ့်ကို နလံမထူနိုင်အောင် ထိုးနှက်ကြသည်။ သတိမရှိလျှင်တော့ ကိလေသာရန်သူတွေက တစ်မျိုးမဟုတ် တစ်မျိုးနှင့် ကိုယ့်ကို တိုက်ခိုက်နေမှာပါ။ ကိုယ်နှင့်ရန်ဖြစ်နေမှာပါ၊ ထိုသို့ ကိလေသာရန်သူတွေနှင့် ရန်ဖြစ်နေရလျှင် ကိုယ့်ဘဝကို မကျေနပ်တော့ဘူးဖြစ်မည်။ ဘဝကို လိုနေတယ်လို့ ခံစားရမည်။ အထီးကျန်မှုတွေနှင့် ဘဝမှာ မပျော်ပိုက်ဘူး။ ဒီဘဝကြီးရလာတာကိုက ကံဆိုးခြင်းပဲဟု ဝမ်းနည်းပက်လက် တွေးထင်နေမည်ဖြစ်၏။

ဤသို့ ဘဝကို ထင်မြင်ခြင်းဟာ စောစောကပြောခဲ့သလို သတိမရှိလို့ဘဲဖြစ်၏။ သတိမရှိတော့ ကိလေသာတွေက တလက်စက် ထိုးဖောက်၏။ ကိလေသာမိုးတွေ စိုစွတ်တော့၏။ ကိလေသာမိုးတွေ မစိုစွတ်ဖို့ ကိုယ့်အိမ်ကို သတိအမိုး ကောင်းကောင်းလုပ်ထားမှဖြစ်၏။ သတိအမိုးကျဲနေလျှင် ကိုယ့်အိမ်မှာ ကိလေသာမိုးရေတွေ ဝင်မှာပါပဲ။ အကြားမရှိ သတိအမိုးစိပ်နေလျှင် ကိလေသာမိုးတွေမဝင်တော့ဘူး။ ကိလေသာမိုးတွေ မဝင်တော့လျှင် ကိုယ့်အိမ်မှာ မစိုစွတ်တော့ဘူး။ လောကမှာ ကောင်းကောင်းမိုးမထားတဲ့အိမ် အမိုးကျဲနေတဲ့အိမ် အမိုးမလုံတဲ့အိမ် ထိုအိမ်တွေဟာ မိုးရွာတဲ့အခါ ရေဝင်ပြီး စိုစွတ်နေသလို သတိအမိုးမရှိတဲ့ကိုယ့်အိမ်၊ သတိအမိုးကျဲတဲ့ကိုယ့်အိမ်၊ သတိအမိုးမလုံတဲ့ ကိုယ့်အိမ်သည်လည်း ကိလေသာမိုးတွေ ဝင်ပြီးစိုစွတ်ခံရမှာပါ။

စာပေထဲမှာလဲ-

ယထာ အဂါရံ ဒုစ္ဆန္နံ၊
ဝုဋ္ဌိ သမတိဝိဇ္ဈတိ။
ဧဝံ အဘာဝိတံ စိတ္တံ၊
ရာဂေါ သမတိဝိဇ္ဈတိ။ ၇

ဟုလာရှိပါသည်။

ဆိုလိုတာက အမိုးမရှိတဲ့အိမ်၊ အမိုး

မလုံတဲ့အိမ်၊ အမိုးကျဲတဲ့အိမ်၊ စနစ်တကျ အမိုးမရှိတဲ့အိမ်၊ အဲဒီအိမ်တွေဟာ မိုးရွာလျှင်တော့ မိုးရေစိုစွက်ခံရမှာပဲ၊ မိုးများလာလျှင် များသလောက် ဒုက္ခရောက်ရမှာပဲ၊ ထို့အတူ ခန္ဓာတည်းဟူသော ကိုယ့်အိမ်ကို သတိအမိုး ကောင်းကောင်းလုပ်မထားလျှင်တော့ ရာဂ စသောကိလေသာမိုးတွေ ဒလဟောစီးဆင်း ထိုးဖောက်မှုခံရမှာပါပဲတဲ့။ ကိလေသာမိုးတွေ အားကြီးလျှင် အားကြီးသလောက် ခန္ဓာ တည်းဟူသောအိမ်၊ ဒုက္ခရောက်ရမှာပါပဲတဲ့။ ဤသို့ ကိလေသာမိုးတွေ ဝိုင်းရံထိုးနှက်မှုခံရ တဲ့ ဘဝခန္ဓာအိမ်ဟာ ဘယ်တော့မှ သာယာမှာ မဟုတ်ပါဘူး။

အပြင်မှာမိုးတွေရွာလို့ မလုံတဲ့အိမ်ကို သူသူကိုယ်ကိုယ် ဖာထေးလို့ရပေမဲ့ ကိုယ် တစ်ယောက်တည်း ကိုယ့်သန္တာန်မှာ ဖြစ်ပေါ် ရွာချနေတဲ့ ကိလေသာမိုးကိုတော့ အပြင်လူတွေ မမြင်ရတော့ ကိုယ်ပဲ ဖာထေးရမှာပါ။ မလုံတဲ့နေရာမှာ သတိအမိုး ပြုလုပ်ပြီးဖာထေးဖို့ပါ။ မျက်စိအပေါက်ကဝင်လာတဲ့ ကိလေသာမိုးဆိုလျှင်တော့ (စက္ခုနာ သံဝရော သာဓု) လာသည့်အတိုင်း မျက်စိကို သတိဖြင့်စောင့်ထိန်းဖို့ပါ။ အခြားအခြားသော နားစသည့် အပေါက်တွေက ဝင်လာတဲ့ကိလေသာမိုးတွေလည်း သူ့ဆိုင်ရာဝင်ပေါက်တွေကို သတိဖြင့် စောင့်ထိန်းဖာထေးဖို့ပါ။

ထိုသို့သတိအမိုးဖြင့် ကောင်းကောင်း ပြုလုပ်ဖာထေးနိုင်လျှင် တစ်ယောက်တည်းနေလည်း ရန်မဖြစ်တော့ဘူး။ တစ်ယောက်တည်းအဖြစ်နေရခိုက်ကိုလည်း အထီးမကျန်တော့ဘူး။ လွတ်လပ်ပေါ့ပါးတဲ့ဘဝလို့ ကျေကျေနပ်နပ် လက်ခံလာသည်။ သတိက ထူးဆန်းသည်။ အခြားအခြား ကိုယ်မလိုတဲ့ အာရုံတွေကို ဟန့်တားနိုင်သည်။ အဖြစ်မခံ၊ ကိုယ့်ဘဝ၏ အမှန်တရားကိုလည်း ထုတ်ဖော်ပေးသည်။ သတိကထုတ်ဖော်ပေးတဲ့အမှန်တွေကို သိရလေ ကိုယ့်ဘဝကို သတိလွတ်မှာကြောက်လာ၏။ သတိလွတ်လျှင် သတိကျဲနေလျှင် ကိုယ်သန္တာန်၏ အရှိတရားတွေ မထင်ရှားမှာ စိုးရိမ်လေ၏။ သတိနှင့်နေလျှင် ဘဝအဆင်ပြေတယ်ဆိုတာ ကိုယ်တိုင်သိနေတော့ သတိကို ကိုယ်တစ်ယောက်တည်းနေခိုက် အသုံးပြုစရာအဖြစ် ထင်ထင်ပြုတော့၏။

အများနှင့်နေရခိုက် အခါမှာတော့ ခန္တီမေတ္တာထားရှိပြီး နေရပါမည်။ ခန္တီမေတ္တာ

မရှိလျှင် အများနှင့်နေရသည့်အခါ အဆင်မပြေ နိုင်ပါဘူး။ ကိုယ်နှင့်မတူတဲ့ သူတစ်ပါးတွေ ဖြစ်နေတော့ အရာရာဟာ ကိုယ်နှင့်ခြားနား မှုတွေ များနေမည်။ အနည်းစုလောက်သာ ကိုယ်နှင့်တူနိုင်၏။ "လူတစ်ကိုယ် စိတ်တစ် မျိုး" ဆိုသလို တစ်ယောက်တစ်မျိုးစီ ကွဲပြား နေသည့် စိတ်သဘာထားတွေကို နားလည် ပေးဖို့ဆိုတာ ခန္တီမေတ္တာရှိနေမှဖြစ်သည်။ သူတစ်ပါး၏ ကိုယ့်အပေါ်အပြုအမူအပြော အဆို ဆက်ဆံပုံတွေကို ကိုယ်မနှစ်မြို့က်သည့် အခါ ခန္တီမေတ္တာရှိနေမှ တုန့်ပြန်မှုမလုပ်မှာ ဖြစ်သည်။ သည်းမခံနိုင်သည့်အခါ မေတ္တာ မထားနိုင်သည့်အခါ ထိုသူတစ်ပါး၏ ကိုယ့် အပေါ် အပြုအမူ အပြောအဆို ဆက်ဆံပုံတွေ ကို ပြန်လည်တုံ့ပြန်မည်ဖြစ်၏။ မကြိုက်လျှင် မကြိုက်သလို၊ လက်မခံနိုင်လျှင် လက်မခံ နိုင်သလို ပြန်လည်အတုံ့ပြုမည်ဖြစ်သည်။ ထိုအခါ အများနှင့်ကိုယ်က အဆင်မပြေတော့ ဘူး။ ဆက်ဆံရေးမပြေပြစ်တော့ဘူး။ စုပေါင်း စပ်ပေါင်း လုပ်ရမည့်တာဝန်တွေမှာလည်း လစ်ဟင်းမည်ဖြစ်၏။

အများနှင့်အဆင်မပြေတာ တကယ် တော့ ကိုယ့်ရဲ့အားနာချက်ပါ။ အားနည်းချက် ဆိုတာ သည်းမခံနိုင်မှုနှင့် မေတ္တာခေါင်းပါး ခြင်းပဲဖြစ်သည်။ ခန္တီဆိုတာ တစ်ပါးသူ ကိုယ့် အပေါ်မှာ ဘယ်လိုအနေထားနှင့် ဆက်ဆံ ဆက်ဆံ အပြုးမပြတ် ကိုယ့်ကိုယ်ကို ထားနိုင် ခြင်းဖြစ်၏။ တစ်ပါးသူလုပ်ရပ်တွေမှားနေ လျှင် အမှားမခံတတ်တဲ့ ကိုယ့်ရဲ့စိတ်ကို တစ်ပါးသူလုပ်ရပ်တွေလွဲနေလျှင် အလွဲမခံ တတ်တဲ့ ကိုယ့်ရဲ့စိတ်ကို လက်ခံနိုင်စွမ်းရှိ အောင် ခန္တီဖြင့်ပြောင်းလဲပစ်ရမည်။ ကိုယ့်ရဲ့ ခံနိုင်ရည်ကို မြင့်သည်ထက်မြင့်အောင် ကြိုးစားပြီးနေရမည်။ ခန္တီက တစ်ပါးသူကို ဖဟိုမပြုဘဲ မိမိကိုယ်ပဲ ဖဟိုပြုနေတော့ အရာ ရာကို သည်းခံစမ်း ခွင့်လွှတ်စမ်းဟု နား လည်အောင်မိမိကိုယ်ကို တွန်းအားပြုသည်။ ခန္တီ၏ အစွမ်းကို သိနားလည်သော သိကြား မင်းကြီး၏ ခံယူချက်က စိတ်ဝင်စားဖို့ ကောင်းနေသည်။ "ခန္တျာ ဘိယျော နဝိဇ္ဇတိ စသည်ဖြင့် သည်းခံခြင်းထက် ကောင်းသော တရားမရှိ" ဟု ပြောဆိုလေသည်။ လူမိုက် ကိုပဲဖြစ်ဖြစ် မသိနားမလည်သူကိုပဲဖြစ်ဖြစ် သည်းခံနေရမည်။ လက်တုံ့ပြန်မှုမလုပ်ရ။ သည်းခံခြင်းဟာ စွမ်းအားပဲဖြစ်သည်။ ထို သို့စွမ်းအားရှိလျက် သည်းခံနေခြင်းထက် ကောင်းသောတရားမရှိဟု ပြောခြင်းဖြစ် သည်။

ခန္တီက အများနှင့်ပတ်သက်လာလျှင် သည်းခံပေးနေရသလို မေတ္တာကတော့ ထိုကိုယ်နှင့်ဆက်နွယ်ပတ်သက်လာသူတို့၏ အကျိုးကိုလိုလားမှုဖြစ်၏။ ထို့ကြောင့် အများနှင့်နေရသည့်အခါ မေတ္တာထားနေမှဖြစ်၏။ မေတ္တာမဲ့နေလျှင် အများအတွက် အကျိုးမဆောင်နိုင်ဖြစ်၏။ အများအတွက် အကျိုးမဆောင်နိုင်လျှင် အများနှင့်နေရသည့်အခါ အံဝင်ခွင်မကျတော့ပေ။ အများအတွက် အကျိုးတရားဖြစ်ပေါ်လာရေးက မေတ္တာရှိနေမှ အဆင်ပြေချောမွေ့မည်ဖြစ်၏။ "မေတ္တာခြုံလျှင် အဆိုးလုံ" ဆိုသလို ကိုယ်နှင့်ပတ်သက်ဆက်ဆံနေရသူတိုင်းကို မေတ္တာဖြင့် ခြုံလွှမ်းထားပါက သူတို့မှာ အဆိုးတွေလုံနေမည်။ မေတ္တာအစွမ်းဖြင့် ကိုယ်နှင့်တစ်ပါးသူ မကွေမကွာ စိုစိုဖပ်ဖပ်ဖြစ်၍ ပြောဆိုလုပ်ကိုင်ဆက်ဆံရမှု အဆင်ပြေတော့၏။ မိခင်တစ်ဦး၏ မေတ္တာအစွမ်းက သူ၏သားသမီးတွေ လူ့လောကထဲ ဘေးမသီရန်မခစေဘဲ ရှင်သန်နိုင်အောင်စွမ်းဆောင်ပေး၍ သားသမီးတွေမှာ အဆိုးတွေလုံက မိခင်နှင့် သားသမီးကြား ဆက်ဆံရေးနွေးထွေးလျက်ဖြစ်၏။ ထို့အတူ ကိုယ့်မှာမေတ္တာထားရှိနိုင်သလောက် ကိုယ်နှင့်ဆက်သူတွေလည်း အဆိုးတွေလုံမည်။ အကောင်းတွေဖြစ်မည်။ သူတို့အဆိုးတွေလုံ အကောင်းတွေဖြစ်တော့ ကိုယ်လည်းပျော်ရွှင်ကျေနပ်ရ သူတို့လည်း ဝမ်းသာကြရမည်ဖြစ်သည်။

ထို့ကြောင့်မေတ္တာဆိုတာ အများနှင့်နေရသည့်အခါ အလွန်အသုံးဝင်တဲ့အရာဖြစ်တော့၏။ ဘဝမှာ အများနှင့်နေရပါလျက် အထီးကျန်မှုစသည်တို့ ဖြစ်ရတာသည် ထိုခန္တီ မေတ္တာအားနည်းခေါင်းပါးနေလို့ပဲဖြစ်၏။ ခန္တီ မေတ္တာသာ လက်ကိုင်ပြုပြီး နေထိုင်လျှင်တော့ ဘယ်တော့မှ ဘဝဟာ သိမ်ငယ်မနေတော့ဘဲ ဖော်ဖော်ရွေရွေ ချစ်ခင်စရာမြင်ကွင်းအဖြစ်ပဲ အများနှင့်ကိုယ် တင့်တယ်နေမည်ဖြစ်သည်။

သို့ဖြစ်၍ ဘဝမှာ ဘယ်ပုံစံနှင့်ပဲ နေရနေရ ထိုဆိုခဲ့သော သတိ၊ ခန္တီ၊ မေတ္တာ တရားတွေကိုသာ အဖော်ပြုပြီး နေထိုင်လျှင်တော့ အဆင်ပြေပြေ ဘဝမှာ နေတတ်နေပါပြီ။

တစ်ပါးတည်းဖြင့် တောင်တန်းဒေသ သာသနာပြုခရီးကြမ်းဝယ် အေးချမ်းသာယာစွာ ဗုဒ္ဓသာသနာတော်အား အုတ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် သာသနာပြုနိုင်ပါပြီ။

မောင်နိုး (ရွှေဗိုမ်)

# “ရေကောင်းရေသန့်”

ဦးတင်မြင့်

ယခင်လမှအဆက်

နောက်တစ်နေ့တော့ ကျွန်တော်တို့စကားဝိုင်းလေးကို ခပ်စောစောစဖြစ်ခဲ့ပါသည်။ ကျွန်တော်ကပင်ဦးဆောင်၍ “ကဲ ဒီနေ့တော့ ကျွန်တော်တို့နှုတ်နဲ့ကျူးလွန်တဲ့ မကောင်းမှုလေးပါးထဲက ရုန့်ရင်းကြမ်းတမ်းစွာပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းဖြစ်သော အကျင့်မြတ်ကိုဆောက်တည်ပါ၏” (ဖရုသဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ) ဆိုတဲ့ သိက္ခာပုဒ်အကြောင်းပြောကြရအောင်ဗျာ။ ရုန့်ရင်းကြမ်းတမ်းတဲ့ စကားဆိုတာကတော့ တစ်ဘက်လူရဲ့နားမှာ ခံရခက်နှစ်လို့ဖွယ်မရှိတဲ့ စကားဖြစ်ပါတယ်။ ဆဲဆိုခြင်းဆိုတာကတော့ မကြားဝံ့မနာသာဖြစ်အောင် ဆဲဆိုမှုအမျိုးမျိုးပဲဖြစ်ပါတယ်။ ဒီလိုရုန့်ရင်းကြမ်းတမ်းတဲ့ ဆဲဆိုကြိမ်းမောင်းတာတွေကို အသိဉာဏ်ရှိတဲ့ ကျွန်တော်တို့လူသားတွေတင် မကြိုက်တာမဟုတ်ပါဘူး။ လူလောက်အသိဉာဏ်မရှိတဲ့ တိရစ္ဆာန်များတောင်မှ လက်မခံ မနှစ်သက်ကြဘူးဆိုတဲ့ သာဓကလေးတစ်ခုပြောပြချင်ပါတယ်”

အဲဒီသာဓကလေးကတော့ “နန္ဒိဝိလာသ”အမည်ရတဲ့ ဘုရားလောင်းနွားလားဥသဘအကြောင်းပဲဖြစ်ပါတယ်။ နန္ဒိဝိလာသက သူ့ရဲ့အရှင်ပုဏ္ဏားကြီးဆင်းရဲတာကို ကူညီလိုတဲ့အတွက် သူဟာ ရှိတဲ့အားကုန်သုံးပြီး ရုန်းရင် လှည်းအစီးတစ်ရာကိုပင် ရုန်းနိုင်ကြောင်း ဒီစကားကို သူဌေးအားပြောပြီး အလောင်းအစားပြုကြရန် သဘောတူစေခဲ့ပါတယ်။ အသပြာတစ်ထောင်လောင်းကြေးထပ်ပြီး နန္ဒိဝိလာသအား လှည်းတစ်ရာကို ရုန်းစေရာမှာ ပုဏ္ဏားကြီးက ရုန့်ရင်းကြမ်းတမ်းတဲ့စကားလုံးတွေကို သုံးပြီးရုန်းစေတဲ့အတွက် နန္ဒိဝိလာသက ဝန်ကိုမရုန်းခဲ့ပါဘူး။ ဒါကြောင့်ပုဏ္ဏားကြီးရှုံးပြီး စိတ်ပျက်နေချိန်မှာ နန္ဒိဝိလာသက ပုဏ္ဏားကြီးကို ကျွန်ုပ်အားကောင်းမွန်စွာ ရုန်းစေလိုလျှင် ရုန့်ရင်းကြမ်းတမ်းတဲ့စကားကို မသုံးဘဲ၊ သိမ်မွေ့ယဉ်ကျေးနူးညံ့ချိုသာတဲ့ စကားလုံးကိုသာ အသုံးပြုရန်

တိုက်တွန်းပြီးတော့ မူလလောင်းကြေးထက် နှစ်ဆထပ်ပြီးလောင်းရန်လည်း တိုက်တွန်းခဲ့ပါသည်။ ဒီတစ်ကြိမ်မှာတော့ ပုဏ္ဏားကြီးက ချိုသာယဉ်ကျေးနူးညံ့ပျော့ပြောင်းတဲ့ စကားလုံးနဲ့ ချော့မော့ပြီးရှုန်းခိုင်းလို့ နန္ဒိဝိလာသဟာလည်းတစ်ရာကိုမပင်မပန်း ရွှင်လန်းစွာနဲ့ အောင်မြင်စွာ ရုန်းနိုင်ခဲ့ပါတယ်။ ပုဏ္ဏားကြီးဟာလည်းနှစ်ဆထပ်ထားတဲ့ လောင်းကြေးအပြင် နန္ဒိဝိလာသကို အခြားပုဂ္ဂိုလ်တွေချီးမြှင့်ကြတဲ့ ဆုတွေပါရရှိခဲ့ပါတယ်။ ဒီသာဓကကိုကြည့်မယ်ဆိုရင် ပထမအကြိမ်တုန်းက ပုဏ္ဏားကြီးဟာ နွားလားဥသဘအပေါ်မှာ ရုန့်ရင်းကြမ်းတမ်းတဲ့စကားတွေနဲ့ ခိုင်းစေခဲ့လို့ ရုန့်ရင်းကြမ်းတမ်းမှုကို မနှစ်သက်တဲ့နွားလားဥသဘကြောင့် ပစ္စည်းဘဏ္ဍာဆုံးရှုံးခဲ့ရပါတယ်။ ဒုတိယအကြိမ်မှာတော့ ရုန့်ရင်းကြမ်းတမ်းမှုရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ယဉ်ကျေးချိုသာတဲ့စကားကြောင့် နွားလားဥသဘဟာ သူ့ရဲ့အားကို အကုန်သုံးပြီးရုန်းခဲ့လို့ ပစ္စည်းဘဏ္ဍာများစွာ ပြန်လည်ရရှိခဲ့ပါတယ်။

ဒါ့ကြောင့် ရေကောင်းရေသန့်ကို အမြဲမှီဝဲနိုင်မှ ခန္ဓာကိုယ်ကျန်းမာတည်မြဲနိုင်သလို မြင့်မြတ်တဲ့ကိုယ်ကျင့်တရားဖြစ်တဲ့ ဒီသိက္ခာပုဒ်ကိုလည်း ကိုယ်နှင့်မကွာ အမြဲတည်ဆောက်ကျင့်သုံးအပ်ပါတယ်။

အရင်သိက္ခာပုဒ်တွေလိုပဲ ဒီသိက္ခာပုဒ်ကို ကျူးလွန်ဖြစ်ကြတဲ့အကြောင်းရင်းလေးတွေလည်း သိချင်ကြလိမ့်မယ်လို့ထင်ပါတယ်။ အားလုံးက "သိရမယ်ဆိုရင်ကောင်းတာပေါ့ဗျာ"လို့ တောင်းဆိုကြပါတယ်။ ဒီရုန့်ရင်းကြမ်းတမ်းစွာပြောဆိုခြင်းဆိုတဲ့ သိက္ခာပုဒ်ကို ကျူးလွန်ဖြစ်တဲ့အကြောင်းရင်းကတော့ ခက်ထန်ကြမ်းတမ်းတဲ့စိတ် (ဒေါသ) အရင်းခံဖြစ်ပါတယ်။ ဒီလိုမကောင်းပြုတိုင်း ပါဝင်နေကြဖြစ်တဲ့ မကောင်းမှုပြုရမှာကို မရှက်တဲ့စိတ်(အဟိရိက)နဲ့ မကောင်းပြုရမှာကို မကြောက်တဲ့စိတ် (အနောတ္တပ္ပ)တို့လည်း ပါဝင်ပါတယ်။

ဒီသိက္ခာပုဒ်ကို ကောင်းစွာဆောက်တည်စောင့်ထိန်းကျင့်သုံးမယ်ဆိုရင် ရုန့်ရင်းကြမ်းတမ်းတဲ့စိတ် (ဒေါသ)ကို ထိန်းသိမ်းတဲ့စိတ် (မေတ္တာ)ကို မွေးမြူရမှာဖြစ်ပါတယ်။ မကောင်းပြုရမှာကို ရှက်တဲ့စိတ် (ဟိရီ)နဲ့ မကောင်းမှုပြုရမှာကိုကြောက်တဲ့စိတ် (ဩတ္တပ္ပ)တို့လည်း ပါဝင်နေမှာဖြစ်ပါတယ်။

ဒီစိတ်တွေဟာ မြင့်မြတ်တဲ့စိတ်တွေဖြစ်လို့ ဒီစိတ်တွေနဲ့ ဆောက်တည်ကျင့်သုံးတဲ့ ဒီအကျင့်ကိုလည်း မြင့်မြတ်တဲ့ကိုယ်ကျင့်တရားလို့ ခေါ်ဆိုရမှာဖြစ်ပါတယ်။

လူရွယ်က "ဒီကိုယ်ကျင့်တရားကို ကျူးလွန်ရင် ဖြစ်လာနိုင်တဲ့ အဆိုးတွေရယ် ဆောက်တည်ကျင့်သုံးရင် ရလာနိုင်တဲ့ အကောင်းတွေကိုလည်း အရင်လိုပဲပြောပြပေးပါဦး"

ကျွန်တော်က "ပြောပြပါ့မယ် ညီလေး" သဘာဝတရားကိုက ဆိုးတာလုပ်ရင် ဆိုးပြစ်တွေခံစားရပြီး ကောင်းတာလုပ်ရင်လည်း ကောင်းကျိုးတွေခံစားရမှာ ဓမ္မတာပါ။ ရန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုမှုကို ကျူးလွန်မယ်ဆိုရင် အဲဒီလူရဲ့စိတ်မှာ ခက်ထန်ကြမ်းတမ်းတဲ့စိတ် (ဒေါသ)ကိုအခြေခံတဲ့အတွက် ဒေါသဆိုတာ လောင်ကျွမ်းကူးစက်နိုင်လို့ ပညာရှိကြီးတွေ မီးနဲ့နှိုင်းယှဉ်သုံးနှုန်းခဲ့ကြပါတယ်။ ဒေါသအခြေခံပြီး ရန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုသူရဲ့ ဒေါသမီးဟာ အပြုလုပ်ခံရသူကိုလည်း ကူးစက်တောက်လောင်တတ်ပါတယ်။ ဒါ့ကြောင့် ဆဲဆိုခံရသူမှာလည်း ဒေါသမီးလျှံတွေဟာ အလျှံတငြီးငြီး ဖြစ်လာတတ်ပါတယ်။ အဲဒီအချိန်မှာ ဒေါသဒေါသချင်း ထိပ်တိုက်တွေ့ပြီး ပြင်းထန်စွာပေါက်ကွဲမှုတွေ ဖြစ်ပေါ်တတ်ပါတယ်။ ဒီလိုပေါက်ကွဲလာပြီဆိုတာနဲ့ အဲဒီနှစ်ဦးစလုံးရဲ့ဘဝဟာ ပြာပုံအထိလည်းဖြစ်သွားနိုင်ပါတယ်။ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်တတ်တာဟာ ဒီသိက္ခာပုဒ်ပါပဲ။ မဆင်ခြင် မစောင့်စည်းလို့ ဘဝပျက်ခဲ့ကြတဲ့သူတွေလည်း အနုမတဂ္ဂပါပဲ။ "နှုတ်ကြောင့်သေ လက်ကြောင့်ကြေ" ဆိုတဲ့စကားပုံဟာ ဒီသိက္ခာပုဒ်နဲ့ တိုက်ရိုက်သက်ဆိုင်နေပါတယ်။ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံဟာလည်း ရန့်ရင်းကြမ်းတမ်းတဲ့ စကားတွေနဲ့ အပြစ်တင်ဝေဖန်နေကြရာကနေ နှစ်နိုင်ငံချစ်ကြည်မှုတွေ လျော့ရဲလာပြီး ဒေါသအခြေခံတဲ့မလိုလားမှုတွေဖြစ်ပေါ်လာတတ်ပါတယ်။ ဒါ့ကြောင့် ဒီသိက္ခာပုဒ်ကို မစောင့်စည်းတဲ့ဆိုးကျိုးဟာ ကမ္ဘာနဲ့ချီပြီးတော့လည်း ဖြစ်ပွားပေါ်ပေါက်နိုင်ပါတယ်။

ဒီသိက္ခာပုဒ်ကို စောင့်စည်းတဲ့ ကောင်းကျိုးလေးတွေကိုလည်း ဆက်ပြီးပြောပြချင်ပါတယ်။ ဒီသိက္ခာပုဒ်ကို စောင့်စည်း

ထိန်းသိမ်းသူမှာ ကြမ်းတမ်းတဲ့စိတ်(ဒေါသ) ကို ထိန်းသိမ်းတဲ့(မေတ္တာ)ကို အခြေခံရမှာ ဖြစ်ပါတယ်။ အဲဒီစိတ်မျိုးနဲ့ ပတ်ဝန်းကျင်ကို ဆက်ဆံတဲ့သူဟာ ပြေပြစ်ချောမွေ့နူးညံ့တဲ့ ဆက်ဆံမှုမျိုးဖြစ်လို့ ဒီအသွင်ကိုလက်ခံရသူမှာလည်း စိတ်အေးချမ်းသာယာပြီး နူးညံ့သိမ်မွေ့တဲ့စိတ်ကလေးတွေ ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ ဒီလို တူညီပြီးကောင်းမွန်တဲ့ စိတ်ဓာတ်ချင်း အပြန်အလှန် ကူးလူးဆက်သွယ်နေခြင်းဟာ တည်ငြိမ်ပြီး အေးချမ်းသာယာတဲ့ ဘဝမျိုးကို ရရှိစေနိုင်ပါတယ်။ ဒီစိတ်ဓာတ်နဲ့ စရိုက်ကို တစ်ဦးချင်းစီ ဖြည့်ဆည်းကျင့်သုံးသွားရင် တစ်ဦးကစ တစ်ရာ၊ တစ်ရာမှ တစ်ကမ္ဘာလုံးသို့တိုင်အောင် ပျံ့နှံ့ကျင့်သုံးသွားကြပြီး တစ်ကမ္ဘာလုံး တည်ငြိမ်အေးချမ်းသာယာတဲ့အဖြစ်ကို ရောက်ရှိသွားနိုင်ပါတယ်။

ကပ္ပိယကြီးက "မိတ်ဆွေကြီးရေ ဒီလိုဆိုတော့လည်း ကျွန်တော်တို့မြတ်စွာဘုရားရဲ့တရားက တစ်ကမ္ဘာလုံးကိုလည်း အကျိုးပြုနိုင်တယ်နော်၊ တစ်ကမ္ဘာလုံး ဒီလိုအကျင့်ကောင်းတွေ ပျံ့စေချင်တယ်ဗျာ။ ဗုဒ္ဓရဲ့မြင့်မြတ်တဲ့ ကိုယ်ကျင့်တရားတွေရဲ့တန်ဖိုးကို နားလည်သူတိုင်းက ကပ္ပိယကြီးလိုဆန္ဒမျိုးရှိနေကြပါတယ်။ ဆရာကြီးဓမ္မာစရိယ ဦးဌေးလှိုင်ကလည်း သူရေးတဲ့စာတွေရဲ့ အဆုံးမှာ "သူတော်ကောင်းဓာတ် တရားမြတ်လွှမ်းပါတ်ကမ္ဘာ တည်စေသော်" လို့ ရေးခဲ့တာဟာ ဒီဆန္ဒကိုဖော်ထုတ်ထားတာဖြစ်ပါတယ်။

ကဲဗျာ၊ အချိန်လေးလည်းရတုန်း နောက်ထက်စောင့်စည်းရမည့်ကိုယ်ကျင့်တရားတစ်ခုကို ဆက်သွားရအောင်ဗျာ။ အခုသိက္ခာပုဒ်က ဝစီဒုစရိုက်လေးပါးထဲက တစ်ပါးဖြစ်တဲ့ ချောပြစ်ဂုံးတိုက်ခြင်းမှ ရှောင်ကြဉ်ခြင်းဖြစ်သော အကျင့်မြတ်ကို ဆောက်တည်ပါ၏ (ပိသုဏာဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ) ဆိုတဲ့ သိက္ခာပုဒ်ပဲဖြစ်ပါတယ်။ ဒီသိက္ခာပုဒ်ရဲ့အဓိပ္ပာယ်က လူနှစ်ဦးချစ်ချစ်ခင်ခင်ဖြစ်နေတာကို ကွဲပြားအောင် တစ်ခြားစီဖြစ်အောင် ရန်တိုက်ခြင်း၊ ဂုံးတိုက်ခြင်းမှ ရှောင်ကြဉ်ခြင်းဖြစ်ပါတယ်။ သာဓကအနေနဲ့ ဆိုရင်တော့ ဗုဒ္ဓလက်ထက်တော်က ဘုရင်ဥတေနမင်းမှာ မိဖုရားသုံးပါးရှိတဲ့အထဲက သာမာဝတီဟာ ဘုရားရှင်နှင့် ရတနာသုံးပါး

ကို ကြည်ညိုဆည်းကပ်သူ၊ မာဂဏ္ဍီက ဘုရားရှင်ကို အမျိုးစင်ဘဝကတည်းက ရန်ငြိုး ထားမုန်းတီးခဲ့သူ၊ မိဖုရားသာမာဝတီအပေါ် ဘုရင်ဥတေနမင်းကြီးက အချစ်ကြီးမှန်းသိလို့ မနာလိုဖြစ်ပြီး သာမာဝတီအပေါ် အမုန်းမီး ပွားစေရန် နည်းမျိုးစုံနဲ့ရန်တိုက် ဂုံးချောခဲ့ပါ တယ်။ အဲဒီအကျိုးဆက်ကတော့ သာမာဝတီ နဲ့ အခြွေအရံတွေဟာ အားလုံးတန်းစီပြီး ဥတေနမင်းရဲ့ လေးမြှားနဲ့ပစ်ခြင်းကို ခံခဲ့ရ ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့စူးရှတဲ့မေတ္တာ ကြောင့် မသေခဲ့ပါဘူး။ နောက်ဆုံးအဆင့် ကတော့ သာမာဝတီနဲ့အခြွေအရံတွေအားလုံး မီးလောင်တိုက်သွင်းပြီး အသတ်ခံခဲ့ရပါတယ်။ ဒီဖြစ်ရပ်ဟာ လူနှစ်ဦးကြားချစ်ခင်မှုကို မနာလိုဖြစ်ပြီး ချောပြစ်ဂုံးတိုက်မှုရဲ့ ရလာဒ် ဖြစ်ပါတယ်။ မကောင်းမှုကို အောင်မြင် အောင်ကျိုးစားခဲ့တဲ့ မာဂဏ္ဍီဟာလည်း သူ့ရဲ့ အောင်မြင်မှုဟာ တာရှည်မခံခဲ့ပါဘူး။ ဂုံးချော မှန်းသိခဲ့တဲ့ ဥတေနမင်းကလည်း မာဂဏ္ဍီရဲ့ ဆွေမျိုးခုနစ်ဆက်တိတိကို စုပြီး မြေမြှုပ်လို့ သံထွန်သွားနဲ့ တိုက်သတ်ခဲ့ပါတယ်။ ဒီအချက် က မကောင်းမှုပြုသူဟာ မကောင်းဒဏ်ပြန် ခံရတဲ့ အချက်ပါပဲ။

လူသားတွေဟာ ရေကောင်းရေသန့်ကို ကိုယ်နှင့်မကွာအမြဲထားရှိမှီဝဲနေကြသလို ဒီဖြူစင်မြင့်မြတ်တဲ့ ကိုယ်ကျင့်တရားဖြစ်တဲ့ ချောပစ်ဂုံးတိုက်ခြင်းမှ ရှောင်ကြဉ်ပါ၏ဆိုတဲ့ သိက္ခာပုဒ်ဟာလည်း ကျွန်တော်တို့ ရာသက် ပန် ဆောက်တည်ကျင့်သုံးအပ်တဲ့ တရားဖြစ် ပါတယ်။

ဒီသိက္ခာပုဒ်ကို လူတွေဘာကြောင့် ကျူးလွန်ကြသလဲဆိုရင် မိမိထက်သာသူကို ပျက်စီးလိုတဲ့စိတ်(ဒေါသ)နဲ့၊ မိမိက သူတစ် ပါးအပေါ်အသာစီးရလိုမှု(လောဘ)တို့ကြောင့် ဖြစ်ပါတယ်။ ဒီမကောင်းမှုကို ကျူးလွန်ရင် အားပေးနေကြဖြစ်တဲ့ မကောင်းမှုပြုရမှာကို မရှက်တဲ့စိတ်(အဟိရိက)နဲ့၊ မကောင်းမှုကို ပြုရမှာကို မကြောက်တဲ့စိတ် (အနောတ္တပ္ပ) တို့လည်း ပါဝင်ပါတယ်။

နောက်လဆက်ရန်

ဦးတင်မြင့်




# ရင်နှစ်သည်းခြာ အလိမ္မာကဏ္ဍ သိမှတ်ဖွယ်ရာ မိန်းမတို့၏ စရိုက်လက္ခဏာများ

**မြတ်နိုးခင်-ကျားပြန်**

“မင်္ဂလာပါ ဆရာမ”

“မင်္ဂလာပါ တပည့်တို့”

ဆရာမက ဒီနေ့တပည့်တို့ကို အမျိုးသမီးတို့နဲ့ ဆိုင်ရာအခန်းကဏ္ဍတစ်ခုဖြစ်တဲ့ ဣတ္ထိကဏ္ဍမှာလာရှိတဲ့ စရိုက်လက္ခဏာတွေနဲ့ ပတ်သက်ပြီး လောကနီတိဆရာ ပြောဆိုဆုံးမထားတာတွေကို ပြောပြမယ်ကွဲ့။

လောကမှာ ပုထုဇဉ်သတ္တဝါတိုင်းက အလှတရားကို မက်မောတတ်ကြပါသည်။ လူတစ်ဦးတစ်ယောက်လှမလှကို အပြင်ပိုင်း ရုပ်ဆင်းအင်္ဂါကြည့်ပြီးဆုံးဖြတ်မယ်ဆိုရင် အပေါ်ယံအလှကိုပဲမြင်မှာပါ။ အလှတရား အစစ်အမှတ်မှာ သူတို့၏ကိုယ်တွင်းသဏ္ဍာန်ကဖြစ်ပေါ်လာသော ကိုယ်ကျင့်သီလပင်ဖြစ်ပါသည်။ သို့အတွက်ကြောင့် ရှေးပညာရှိသူတော်ကောင်းတို့က “ပညာပြည့်ဝ၊ နှလုံး လှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏” လို့ မိန့်ဆိုထားခဲ့ကြပါတယ်။ သိကြပြီလားကွဲ့။

“သိပါပြီ ဆရာမ”

အဲဒါကြောင့် လောကနီတိဆရာက ‘လောကမှာ ဥဩငှက်တို့အဆင်းမှာ သာယာနာပျော်ဖွယ်ကောင်းသော အသံဖြစ်သလို မိန်းမတို့၏အဆင်းမှာကား မိမိတို့၏ လင်ယောကျ်ားကို ချစ်မြတ်နိုးခြင်းပင် ဖြစ်၏။ ရုပ်ဆင်းအင်္ဂါမလှသောသူတို့၏ အဆင်းမှာ အတတ်ပညာဖြစ်သလို ရသေ့ရဟန်းတို့၏

အဆင်းမှာကား သည်းခံခြင်း 'ခန္တီ'တရား ပင်ဖြစ်ပါတယ်''လို့ မိန့်ဆိုထားတာကို မှတ်သားဖူးတယ်။ နားလည်ပြီလားကွဲ။

''နားလည်ပါတယ် ဆရာမ''

အေး အဲဒါကြောင့် ဥဩငှက်များမှာ အဆင်းကတော့မလှကြပါဘူး၊ သို့ပေမဲ့ သူ၏ အသံကတော့ ကြားရသူတိုင်း သာယာဖွယ် ကောင်းလှပြီး ဆွတ်ပျံ့ကြည်နူးစရာဖြစ်ပါ တယ်။ ရှေးစာဆိုတော်များဟာ တောအလှ ရာသီဖွဲ့ကို ဖွဲ့ဆိုကြရာတွင် ဥဩငှက်တို့၏ အသံများကို တုနှိုင်းဖွဲ့ဆိုလေ့ရှိပါတယ်။ ထို့ အပြင် အိမ်သူမယားတို့ရဲ့ ရုပ်ရည်အဆင်းဆိုတာ အသက်ကြီးရင့်သွားသောအခါ သူတို့၏အပြင် အလှတရားဟာ ပျက်ဆီးသွားနိုင်ပါတယ်။ အလှတရားအစစ်အမှတ်မဟုတ်ပါ။ မယား ကောင်းတို့၏ဝတ္တရားဖြင့် လင်ယောကျာ်းကို မြတ်နိုးယုယစွာပြုစုတတ်တဲ့ အလှတရားက ဖြင့် အစစ်အမှန်အလှတရားပင်ဖြစ်ပါတယ်။ ရုပ်ဆိုးအကျည်းတန်တဲ့ယောကျာ်းများအဖို့က တော့ အတတ်ပညာရတုးရာခံသာရှိလျှင် ရုပ်မ လှပေမဲ့ အလုပ်ရှိတဲ့အတွက်ကြောင့် သူတို့ဘဝ လှနေပါလိမ့်မယ်။ ရသေ့ရဟန်းတို့၏အလှ တရားကတော့ သိက္ခာပုဒ်များကို စောင့်ထိန်း တဲ့ သီလ(အလှ)တရားပင်ဖြစ်ပါတယ်။ သဘောပေါက်ကြရဲ့လားကွဲ။

''သဘောပေါက်ပါတယ် ဆရာမ''

နောက်တစ်မျိုးက လောကနီတိဆရာက လောကမှာ 'ရသေ့ရဟန်းတို့မည်သည် ကြံ့လီ မှသာလျှင် တင့်တယ်လှပ၏။ အခြေလေး ချောင်းရှိသောသတ္တဝါတို့မှာမူကား ဆူဖြိုးမှသာ လျှင် တင့်တယ်၏။ ယောကျာ်းတို့သည်ကား အတတ်ပညာရှိမှသာလျှင် တင့်တယ်၏။ မိန်းမ တို့မူကား လင်ယောကျာ်းရှိမှသာလျှင် တင့် တယ်၏'လို့ မိန့်ဆိုထားတယ်။

အဓိပ္ပာယ်ကတော့ အရှည်ဝါသီတောမှီ ၍ ဝိပဿနာတရားအလုပ် လုပ်နေကြသော ရသေ့ရဟန်း ယောဂီသူတော်ကောင်းတို့မှာ ခေါင်းပါးချိုးခြံသောအကျင့်ဖြင့် တရားအား ထုတ်နေရသောကြောင့် ကြံ့လီသော ခန္ဓာ ကိုယ်ရှိတတ်ကြပါတယ်။ သို့မှလည်း ကြည် ညိုစဖွယ်တင့်တယ်လှပါတယ်။ အခြေလေး ချောင်းရှိသော ဆင်၊ မြင်း၊ ကျွဲ၊ နွား စသော သတ္တဝါများမှာတော့ ဆူဖြိုးဝဖြိုးနေမှ ကြည့် လို့ကောင်းပြီး လှပတင့်တယ်ပါတယ်။ ယောကျာ်းတို့မှာမူ အတတ်ပညာနဲ့ပြည့်စုံတဲ့

သူမှ အလုပ်အကိုင်ရှိပြီး စားသောက်ဖွယ်ရာများဖြင့် ဘဝဟာ လှပတင့်တယ်နေပါလိမ့်မယ်။ အရွယ်ရောက်ပြီးသားမိန်းမတို့မှာ လင်ယောကျ်ားရှိနေမှ နေရာတကာ သွားလို့လာလို့ ပေါင်းသင်းဆက်ဆံတဲ့နေရာမှာလည်း လှပတင့်တယ်နေပါမည်။ အပျိုဖြစ်စေ မုဆိုးမတစ်ခုလပ်ဖြစ်စေ အသက်အရွယ်မလွန်သေးတဲ့မိန်းမတို့မှာ လင်မရှိတဲ့အတွက် ပြောဆိုဆက်ဆံပေါင်းသင်းပြောဆိုရာမှာ အကဲ့ရဲ့ခံရတတ်ပါတယ်။ အဲဒါကြောင့် ကိုးခန်းပျို့မှာ-

"တံခွန်မလွှား၊ ရထားမတင့်၊ မလွင့်မီးခိုး၊ မီးမျိုးမညီ၊ မင်းမဲ့ပြည်လည်း၊ ယုတ်သည်နှင်နှင်၊ လူ့ဌထင်၏။ ပုံပြင်တူလှ၊ ထိုမိန်းမလည်း၊ စကြာသေဌ်နှင်း၊ မင်း၏ရင်နှစ်၊ ဖြစ်လင့်ကစား၊ လင်မဲ့ငြားမူ၊ စီးပွားတွင်ကျယ်၊ မတင့်တယ်ခဲ့" လို့ စပ်ဆိုထားတယ်။

"အဓိပ္ပာယ် ရှင်းပြီလား"

"ရှင်းပါပြီ ဆရာမ"

နောက်ထပ် လောကနီတိဆရာက 'စောင်းအတီးပညာကို တက်ကျွမ်း၍ တစ်ဖက်ကမ်းသို့ရောက်ပြီးသော စောင်းသမားတစ်ယောက်သည် စောင်းနှင့်ငါးရက်မျှ ကင်းကွာမူ ထိုစောင်းတီးအတတ်ပညာသည် မေ့လျော့ပျောက်ပြယ်သွားတတ်၏။ လေးအတတ်ကို တဖက်ကမ်းသို့ ရောက်ပြီးသောသူသည်လည်း ထိုလေးနှင့် ခုနစ်ရက်မျှ ကင်းလွတ်မူ ပျက်စီးတတ်၏။ မယားဝတ္တရားကျေပွန်လှသော အမျိုးသမီး ကောင်းသည်လည်း လင်ယောကျ်ားနှင့် တစ်လမျှ ကင်းကွာမူ ဖောက်ပြန်ပျက်စီးတတ်၏။ လိမ္မာလှသော တပည့်ကောင်းတို့သည်လည်း ဆရာသမားနှင့် တစ်လခွဲမျှင် ကင်းကွာမူ ပျက်စီးသွားတတ်၏" လို့ မိန့်ဆိုထားတယ်။ သိကြပြီလားကွဲ့။

"သိပါပြီ ဆရာမ"

အေး- သားတို့, သမီးတို့ ဒီနေ့တော့ ဒီလောက်နဲ့ အတန်းနားကြစို့ နောက်နေ့တွေမှာလည်း လောကနီတိ ဆိုဆုံးမစာတွေကို ဆက်ပြီးပြောပြမယ်ကွဲ့။

"မင်္ဂလာပါ ဆရာမ"

"မင်္ဂလာပါ တပည့်တို့"

မြတ်နိုးခင်

၁၇။ သတ္တဝါတို့၏ ကောင်းသောလားရာဂတိ၊ မကောင်းသောလားရာဂတိကို သိရှိနိုင်သူဖြစ်လိုလျှင်··

"Oh Bhikkhus!

(1) if you want to be respected by your fellow-bhikkhus or friends(or by your society),

(2) if you want to be in sufficiency of four requisites(to have much wealth and property for lay-persons),

(3) if you want to return good benefits for your lay-dāyakās (to be grateful to your helpers),

(4) if you want to benefit your relatives who are in the life of peta-ghosts,

(5) if you want to be happy and peaceful,

(6) if you want to be free from different kinds of punishment and flaws,

(7) if you want to be free from fear,

(8) if you want to live happily getting whatever you wish for without exerting strenuous effort,

(9) if you want to live in peace of mind transcending physical suffering,

(10) if you want to be a Sotāpanna-Stream-winner, who will definitely go to the wholesome abodes,

(11) if you want to be a Sakadāgāmī-Once-returner, who will be reborn only once in the human abode and eliminate the saṁsāric suffering,

(12) if you want to be an Anāgāmī-Non-returner, who will definitely reborn only in Brahma abode, not going down

to the lower abodes,

(13) if you want to be the person who can create numerous kinds of psychic power,

(14) if you want to possess divine-ear, **dibbasota,**

(15) if you want to be the person who can read other's mind,

(16) if you want to be the person who can remember numerous existences in the past, and

(17) if you want to be the person who can discern good or bad destinations of sentient beings,

ဖြူစင်သောသီလကို ကျင့်ဆောင်ဖြည့်ဆည်းလျက် မိမိစိတ်ကို ငြိမ်သက်အောင် အားထုတ်ကာ ကမ္မဋ္ဌာန်းဝိပဿနာတရားကို ပွားများအားထုတ်ကြကုန်လော့…။"

you have to be engaged in the insight-meditation task, with the fulfilment of the observance of moral precepts, trying to have the concentration of your mind."(**Ma-I,P-39**)

**Main Causes of Moral Impurities**

Due to the seven kinds of minor sexual feelings, moral impurities may arise:

"ဒါနတော ဘောဂဝါ-ဒါနကြောင့် စည်းစိမ်ဥစ္စာပေါများ၏၊ "သီလတော သုဂ္ဂတိ- သီလကြောင့် ကိုယ်စိတ်နှစ်ပါးချမ်းသာရ၏။" အခြေခံကျဆုံး ဒါနလုပ်ငန်းတွင် သီလမပါက လိုရာအကျိုးမရနိုင်၊ ဒါနပြုပြီး လောကီ လောကုတ္တရာ လိုရာအကျိုးကို ဆုတောင်းသော်လည်း သီလနှင့်ပြည့်စုံမှသာ ထိုဆုတောင်းပြည့်ဝ၏။ သီလမရှိလျှင် ထိုဆုတောင်းမပြည့်ဝနိုင်၊ ကိုယ်ကျင့်သီလသည် ဒါန၏အကျိုးပေးကို ခိုင်မြဲစေသကဲ့သို့ သမာဓိ (သမထ)နှင့် ပညာ(ဝိပဿနာ)တို့၏ စွမ်းရည်ကို ထက်မြက်သွက်လက်စေသည်။

observer of sila , protects oneself as well as others not to be in trouble. If someone observes only one moral precept, the whole society including himself or herself will become free from some troubles concerning that precept and also become happy and peaceful. Some places on earth where observance of moral precepts prevails among human society are pleasant to live in but some without observance of sila are not likely to be inhabitable as flames of hatred, over greediness and ignorance overwhelm everywhere through worries and flurries.

ထို့ကြောင့် လူ့ဘဝအခြေခံ ခိုင်မာအောင် အခြေခံကိုယ်ကျင့်သီလ စောင့်ထိန်းခြင်းဖြင့် ကြိုးစားအားထုတ်ကြရပေမည်၊ စိတ်ဓာတ် ဖွံ့ဖြိုးအစီဥပါယ်ကျေးဆေမည့် ဘာဝနာလုပ်ငန်းကို ဘဝအဆများလာနိုင်သရွေ့ ကြိုးစားအားထုတ်ကြရပေမည်၊ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု သန့်ရှင်းသန့်ကျေးငြိမ်မှုလာအောင် ဘာဝနာလုပ်ငန်းဖြင့် နည်းလမ်းတကျ ပြုကျင့်သင့်ကြပေသည်။

So the basic foundation for good establishment of human being is the observance of **sila** in a harmonious and peaceful world; to have a righteous life, meditation task should be performed with the development of cultured mind: Practice of meditation with the systmatic and effective technique, should be pursued in order to make oneself purify in bodily and verbal manner as well as for cultured mind.

ဦးအောင်သိန်းညွန့်

**U Aung Thein Nyunt**



## ပြည်တွင်းသာသနာရေး

### သတင်းမှတ်တမ်း

### သီရိဥတ္တမတောင်တော် လေးကျွန်းဆီမီးအောင်တော်မူစေတီတော်နှင့် သာသနိကအဆောက်အအုံများ ဘက်စုံပြုပြင်မွမ်းမံပြီးစီးမှု အနေကဇာတင်မင်္ဂလာအခမ်းအနားနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကျင်းပ

ချင်းပြည်နယ် တီးတိန်မြို့နယ် သီရိဥတ္တမတောင်တော် လေးကျွန်းဆီမီးအောင်တော်မူစေတီနှင့် သာသနိကအဆောက်အအုံများသည် လေဒဏ် မိုးဒဏ်တို့ကြောင့် ဟောင်းနွမ်းပျက်စီးမှုများကို ပြန်လည်ပြုပြင်မွမ်းမံပြီး စေတီတော်အနေကဇာတင်မင်္ဂလာအခမ်းအနားနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ဧပြီလ ၂၂ ရက်နေ့ နံနက် ၁၀ နာရီတွင် စေတီတော်ပရိဝုဏ်အတွင်း၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားသို့ ကလေးမြို့ ဂံသာယာဇယိုသာသနာပြုဆရာတော် ဘဒ္ဒန္တဇဝန( အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသော ပင့်သံဃာတော် ၁၂ပါးကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေနှင့် တာဝန်ရှိသူများ၊ အလှူရှင်များတတ်ရောက်ကြသည်။

အခမ်းအနားတွင် ဂံသာယာဇယိုသာသနာပြုဆရာတော် ဘဒ္ဒန္တဇဝန(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ကလေးမြို့နယ် သံဃနာယကအဖွဲ့ (ရွှေကျင်) ဥက္ကဋ္ဌ၊ အဂ္ဂမဟာအကျော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာသန္တာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပုညသေဋ္ဌထံမှ ရေစက်ချအနုမောဒနာတရားနာကြားခဲ့ကြသည်။

အခမ်းအနားသို့ ကြွရောက်တော်မူကြသော ဆရာတော်ကြီးများအား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

## အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် တက္ကသိုလ်ကောင်စီ အစည်းအဝေးကျင်းပ

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာဗုဒ္ဓသာသနာပြုတက္ကသိုလ်(၁/၂၀၁၇) ကြိမ်မြောက် တက္ကသိုလ်ကောင်စီအစည်းအဝေးကို ဧပြီလ ၂၅ ရက်နေ့ မွန်းလွဲ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အဆိုပါတက္ကသိုလ်ဟောပြောခန်းမ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသက ဩဝါဒကထာမြွက်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကောင်စီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက တက္ကသိုလ်၏ သင်ကြား/စီမံရေးရာကိစ္စရပ်များကို တင်ပြဆွေးနွေးထားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် မော်ကွန်းထိန်းက (၁/၂၀၁၆)ကြိမ်မြောက် အစည်းအဝေးမှတ်တမ်း၊ ပါရဂူတန်း(PhD)(ဗုဒ္ဓဓမ္မ)ဘွဲ့ အောင်မြင်ပြီးသူများစာရင်းနှင့် မဟာဝိဇ္ဇာ (MA)(ဗုဒ္ဓဓမ္မ)ဘွဲ့အောင်မြင်ပြီးသူများစာရင်းကို ကောင်စီက အတည်ပြုနိုင်ရန် တင်ပြဆွေးနွေးထားသည်။

ထို့နောက်ဒုတိယပါမောက္ခချုပ်ဆရာတော်နှင့် ဌာနကြီးမှူးဆရာတော်များ၊ ပြင်ပတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်ကောင်စီဝင်များက တက္ကသိုလ်၏ သင်ကြား/စီမံရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပညာရှင်များအား သက်တမ်းတိုး ခန့်ထားနိုင်ရေးနှင့် ကျန်းမာရေးအထောက်အပံ့ပေးရန် ကိစ္စရပ်များကိုလည်းကောင်း၊ အင်္ဂလန်နိုင်ငံရှိ ဘာမင်ဂန်ဗုဒ္ဓဝိဟာရတက္ကသိုလ်အား အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ လက်အောက်ခံအဖြစ် အသိအမှတ်ပြု လက်ခံဖွင့်လှစ်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ သင်ကြားရေးဆိုင်ရာ ရဟန်းတော်များ၊ သီလရှင်များနှင့်ဆရာဆရာမများအား ရာထူးတိုးမြှင့်ရေးအတွက် တက္ကသိုလ်ကောင်စီ၏ မူဝါဒချမှတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် အထွေထွေကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတွင် ထုတ်ဝေရောင်းချလျက်ရှိသော မြန်မာ၊ အင်္ဂလိပ်ကျမ်းစာအုပ်များ

| No | Name of Book |
| --- | --- |
| ၁။ | ဗုဒ္ဓဘာသာကောင်းတစ်ယောက် |
| ၂။ | သဒ္ဓမ္မဇောတိကာပဌာန်း |
| ၃။ | သဒ္ဓမ္မဇောတိက အဘိဓမ္မာ |
| ၄။ | သဒ္ဓမ္မဇောတိက ပဋိစ္စသမုပ္ပါဒ် |
| ၅။ | ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ |
| ၆။ | ကပ္ပိယကောင်းတစ်ယောက် |
| ၇။ | အလှူဒါနအမျိုးမျိုး |
| ၈။ | သီလ(သို့) ကိုယ်ကျင့်တရား |
| ၉။ | ဂုဏ်တော်(မြန်မာ) |
| ၁၀။ | အခြေခံ လူငယ်အဘိဓမ္မာနှင့် တေးကဗျာ |
| ၁၁။ | သာသနာပြုအခြေခံကိုယ်ကျင့်တရား |
| ၁၂။ | ဝေါဟာရနှင့်ဗုဒ္ဓဘာသာတော် |
| ၁၃။ | ဘဝတန်ဖိုးမြှင့်သြဝါဒကထာ |
| ၁၄။ | အမျိုးသားယဉ်ကျေးမှု |
| ၁၅။ | သပ္ပုရိသဝတ်ရွတ်စဉ် |
| ၁၆။ | ဗုဒ္ဓနှင့် ဗြဟ္မဏ(ပုဏ္ဏား)တို့၏ လောကသဘာဝပြဿနာများ တွေ့ဆုံဆွေးနွေးမှု |
| ၁၇။ | ဗုဒ္ဓဂေါတမနှင့် ဆွေတော်မျိုးတော်တို့၏ လောကဓမ္မပြဿနာဖြေရှင်းနည်း |



ACA
ပညာရိပ်ငြိမ်
Since 1983
မောင်ခိုင်ခန့်ထွန်း
နှစ်ထပ်ကွမ်းလှုရှည်ချွန်
ကိုယ်ပိုင်အထက်တန်းကျောင်း
မသုဆက်ဝင့်
နဝမတန်းလှုရှည်ချွန်
၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ
ဘာသာစုံ ဂုဏ်ထူးရှင်များ
မောင်ခိုင်ခန့်ထွန်း
ဆမဥ ၁၄၇၇
မောင်မိုင်းထက်အိမ်လင်း
ဆမဥ ၁၄၉၉
မောင်အောင်သူဟိန်း
ဆမဥ ၁၅၁၅
(၅)ဘာသာ ဂုဏ်ထူးရှင်များ
မရတနာခင်
မအေးချမ်းခိုင်
မအေးမြတ်စု
မသက်ထားစွန်
မောင်စည်သူတင်
မရတနာကိုမိုး
မောင်ကောင်းမြတ်လှ
မချိုယဉ်သွယ်
မယဉ်မင်းအိ
မထက်ဝတီအောင်
ACA
သားသမီးပညာရေးအတွက် ACA မှာ စိတ်ချရတယ်
ခြံအမှတ် ၃၂၇/၁၊ မုဒိတာရင်ပြင်၊ ဥက္ကာ(၅)လမ်း၊ ဂ/ရပ်ကွက်၊ ဆေးတက္ကသိုလ်(၂)ရှေ့၊ မြောက်ဥက္ကလာပမြို့။
Ph : 9691123, 9692174, 09 73242687, 09 5057071, 09 73019477
http://www.aca-educentre.com